# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ စနေနေ့ အတွဲ (၆၅)၊ အမှတ်(၀၃၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိမာရဝိဇယကျောင်းတော် ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမာရဝိဇယကျောင်းတော်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ကြွရောက်ချီးမြှင့်**

အခမ်းအနားသို့ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဗျေဉ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ပင့်သံဃာတော်များနှင့် မာရဝိဇယကျောင်းတော်တွင် သီတင်းသုံးတော်မူကြသည့် ဆရာတော်ကြီးများ ကြွရောက် ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် *စာမျက်နှာ ၃ ကော်လံ ၅* ❖



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မာရဝိဇယကျောင်းထိုင်ဆရာတော်ကြီးထံမှ ရေစက်သွန်းတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြစဉ်။


**ယနေ့** *သတင်းအညွှန်း*

အရေးပေါ်အခြေအနေဆက်လက်ကြေညာ — ပြည်တွင်းသတင်း စာ ၅

စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန် — ပြည်တွင်းသတင်း စာ ၅

စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ /၂၀၂၅ ထုတ်ပြန် — ပြည်တွင်းသတင်း စာ ၅

တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့ — ဆောင်းပါး စာ ၁၀

ပန်းတိုင်ထွက်နှုန်းပြည့်မီစေရေးအတွက် သီးနှံပေါ်ပေး မြေဩဇာထောက်ပံ့ရေးစနစ် — ဆောင်းပါး စာ ၆

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကထိန်အလှူခံကျောင်း မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒ ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❖ *ရှေ့ဖုံးမှ*

ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကပ်လှူပူဇော်**

ဦးစွာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မာရဝိဇယ ကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့် ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

**ပရိတ်တရားတော်များနာယူ**

ယင်းနောက် အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် မာရဝိဇယကျောင်းတော် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ ထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်

*စာမျက်နှာ ၄ သို့*

### ပဒေသာပင်များ လှည့်လည်ကြည့်ရှု

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်း ပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။



*စာမျက်နှာ ၃ မှ*

အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ကထိန်အလှူခံကျောင်း မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ဇနီးတို့သည် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ကထိန်အနုမောဒနာတရား နာကြား**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျ ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရား နာကြားသည်။

ဆက်လက်၍ မာရဝိဇယကျောင်းထိုင်ဆရာတော်ကြီးထံမှ ရေစက်သွန်းတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံ မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

**ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုး**

ထို့နောက် အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် ပါဠိဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၁၂ ပင်၊ တန်ဖိုးငွေကျပ် ၂၅၁၆၇၆၀၀ နှင့် လှူဒါန်းငွေကျပ် ၂၈၃၃၃၄၀၀ ဖြစ်သဖြင့် စုစုပေါင်း လှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၅၃၅၀၁၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပါဠိဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# အရေးပေါ်အခြေအနေဆက်လက်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

အရေးပေါ်အခြေအနေဆက်လက်ကြေညာခြင်း

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၃ /၂၀၂၅

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

(၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်၊ ၁/၂၀၂၅ ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်၍ ယင်းအမိန့်တွင်ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မြို့နယ်များအား အရေးပေါ်အခြေအနေကြေညာခဲ့ပါသည်။

၂။ ယင်းအမိန့်သည် ယနေ့မှစ၍ နောက်ထပ်ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

ပုံ

မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ယာယီသမ္မတ

# စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်ခြင်း

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၄/၂၀၂၅

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်(၃/ ၂၀၂၅) ဖြင့် အရေးပေါ်အခြေအနေ ဆက်လက်တည်ရှိကြောင်း ကြေညာထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ) အရ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

ပုံ

မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ယာယီသမ္မတ

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ /၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃/၂၀၂၅

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၁ /၂၀၂၅ နှင့် စစ်အုပ်ချုပ်ရေး အမိန့်အမှတ်၊ ၂ /၂၀၂၅ တို့သည် ဆက်လက်အတည်ဖြစ်သည်။

ပုံ

မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် အောက်တိုဘာ ၃၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် အရှေ့ တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၁) သင်တန်းဆင်း

**နေပြည်တော် အောက်တိုဘာ ၃၁**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၁) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွန်း၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွန်းက ဆရာ ဆရာမများသည် နိုင်ငံသားများဖြစ်သည့်အပြင် နိုင်ငံ့ဝန်ထမ်းတာဝန်ကို ထမ်းဆောင်နေကြသူများဖြစ်သည့်အတွက် နိုင်ငံသားတိုင်း ထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့် စည်းကမ်းများ၊ တည်ဆဲဥပဒေများနှင့် ဝန်ထမ်းကျင့်ဝတ် အပါး(၃၀)ကို





စောင့်ထိန်းလိုက်နာပြီး နိုင်ငံဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆) ချက် ကို ဦးထိပ်ပန်ဆင်ကာ ပါတီ နိုင်ငံရေး ကင်းရှင်းကြရန်နှင့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၃ ဦး၊ သင်တန်းသူ ၃၇၉ ဦး စုစုပေါင်း ၄၇၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပြင်ဦးလွင်မြို့၌ အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရေး ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ပြင်ဦးလွင် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရေး ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ဟောပြောပွဲများ၊ ဆေးလိပ်သောက်ခွင့်ရှိသော နေရာ/မရှိသောနေရာ၊ စတစ်ကာဘုတ်များ ကပ်ခြင်း၊ လူစည်ကားရာ အချက်အချာကျသည့် နေရာများတွင် bill board များဖြင့် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို အောက်တိုဘာ ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

ဦးစွာ ပြင်ဦးလွင်မြို့ အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရေး ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းခန်းမဆောင်၌ ပြင်ဦးလွင်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာနှင့် ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငြိမ်းချမ်းနှင့်အဖွဲ့တို့ ပူးပေါင်း၍ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ အသုံးပြုမှုလျှော့ချရေးနှင့် ဆေးလိပ်ငွေ့ကင်းစင် (ပြင်ဦးလွင်) ဖြစ်စေရေး စသည့်ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပန်းတိုင်ထွက်နှုန်းပြည့်မီစေရေးအတွက် သီးနှံပေါ်ပေး မြေသြဇာထောက်ပံ့ရေးစနစ်

**မြန်မာနိုင်ငံမှာ မိုးစပါးစိုက်ဧက ၁၄ ဒသမ ၉၂ သန်း၊ မိုးသီးနှံစိုက်ပျိုးဧက ၉ ဒသမ ၂၄ သန်း၊ နွေစပါးစိုက်ဧက ၂ ဒသမ ၈ သန်း၊ နွေသီးနှံစိုက်ပျိုးဧက ၀ ဒသမ ၂၈ သန်းနဲ့ ဆောင်းသီးနှံ စိုက်ပျိုးဧက ၈ ဒသမ ၃၈ သန်း စုစုပေါင်း တစ်နှစ်အတွင်း စိုက်ပျိုးဧက ၃၅ ဒသမ ၆၂ သန်းရှိတဲ့အတွက် တစ်နှစ်ပတ်လုံးဓာတ်မြေသြဇာ လိုအပ်ချက်က တန်ချိန် ၄ ဒသမ ၁၉ သန်းရှိတယ်လို့ စိုက်ပျိုးရေးဦးစီးဌာနက သိရှိရပါတယ်။**

*ခန့်ဇော်(ကျေးလက်)*

ဒါပေမယ့် သဘာဝမြေသြဇာ သုံးစွဲမှု၊ မသုံးစွဲနိုင်မှု စတာတွေကြောင့် တစ်နှစ်ကို ယူရီးယား တန် ၆၄၀၀၀၀ နဲ့ Compound ဓာတ်မြေသြဇာ တန် ၉၆၀၀၀၀ စုစုပေါင်းတန်ချိန် ၁ ဒသမ ၆ သန်းသာ လျာထား တင်သွင်းဖြန့်ဖြူး ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။ ဓာတ်မြေသြဇာ ဈေးနှုန်း အခြေအနေကို လေ့လာကြည့်တဲ့အခါ ၂၀၂၂ ခုနှစ်အတွင်းက ယူကရိန်းစစ်ရေးအခြေအနေအရ တစ်ကြိမ်၊ ၂၀၂၅ ခုနှစ်အတွင်း အစ္စရေး - အီရန် စစ်ရေးအခြေအနေအရ တစ်ကြိမ် စိုက်ပျိုးရေး သွင်းအားစုဖြစ်တဲ့ ယူရီးယားနဲ့ ဆက်စပ်ဓာတ်မြေသြဇာတွေ ဈေးနှုန်းမြင့်တက်လာတာကို တွေ့ရပါတယ်။

ဒ့ါအပြင် အိန္ဒိယနိုင်ငံက တင်ဒါခေါ်ချိန်မှာလည်း နိုင်ငံတကာဈေးနှုန်းတွေ မြင့်တက်လာတာကို တွေ့ရပါတယ်။ လတ်တစ်လောမှာ ပြည်ပ ယူရီးယားဈေးက တစ်တန်ကို ပုံမှန်အမေရိကန် ဒေါ်လာ ၃၈၀-၄၀၀ ကနေ ၄၈၀ - ၅၀၀ ကျော် အထိ မြင့်တက်ခဲ့ပါတယ်။ တရုတ်နိုင်ငံက ပြည်ပတင်ပို့မှု ရပ်ဆိုင်းလိုက်တာကြောင့်လည်း ပါဝင်သလို အရှေ့အလယ်ပိုင်းနိုင်ငံတွေဆီက ဝယ်ရတာကြောင့်လည်း ဖြစ်ပါတယ်။

**ပြည်တွင်းဓာတ်မြေသြဇာထုတ်လုပ်မှုနဲ့ မြေသြဇာဈေးနှုန်း တည်ငြိမ်စေဖို့ ဆောင်ရွက်ပေးမှု**

ပြည်တွင်းဓာတ်မြေသြဇာ ထုတ်လုပ်မှုအနေနဲ့ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကွပ်ကဲမှုအောက်ရှိ အမှတ် (၄) ဓာတ်မြေသြဇာစက်ရုံ၊ မြောင်းတကာနဲ့ အမှတ် (၅) ဓာတ်မြေသြဇာစက်ရုံ၊ ကန်ကြီးဒေါင့်တို့က တစ်နှစ်ပတ်လုံး တန်ချိန် ၄၀၀၀၀ သာ ထုတ်လုပ်နိုင်သေးတာမို့ ပြည်ပကနေ တင်သွင်းနေရတာဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ပြည်တွင်းဓာတ်မြေသြဇာ ဈေးနှုန်းတည်ငြိမ်စေဖို့ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ ဈေးနှုန်းမှန်ကန်ဖို့၊ အရည်အသွေး မှန်ကန်ဖို့၊ တောင်သူလိုအပ်တဲ့အချိန် သတ်မှတ်ဈေးနှုန်းနဲ့ ဝယ်ယူသုံးစွဲနိုင်ဖို့ ဖြစ်ပါတယ်။

ဦးဆောင်ကော်မတီရဲ့ တာဝန်တွေကတော့-

(က) ယူရီးယားမြေသြဇာအပါအဝင် သွင်းအားစုတွေ ဝယ်ယူဖြန့်ဖြူးရောင်းချနိုင်ဖို့အတွက် သက်ဆိုင်ရာဌာနတွေ၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နဲ့ စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) သွင်းအားစုရဲ့ အရည်အသွေးနဲ့ သတ်မှတ်စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီမှု ရှိ/ မရှိ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ဂ) ကုမ္ပဏီအလိုက် တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်တွေကို သွင်းအားစုတွေ ဖြန့်ဖြူးရောင်းချရာမှာ အဆင်ပြေချောမွေ့စေဖို့ လိုအပ်တာတွေ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) သွင်းအားစုတွေ အချိန်မီရရှိဖို့၊ အရည်အသွေးပြည့်မီစွာနဲ့ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ဖို့တို့အတွက် ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(င) ဈေးနှုန်းတည်ငြိမ်စေဖို့အတွက် ရည်ညွှန်းဈေးနှုန်းများ ထုတ်ပြန်ပေးခြင်းနဲ့သတ်မှတ်ရည်ညွှန်းဈေးနှုန်းနဲ့ ရောင်းချမှု ရှိ/ မရှိ ကြီးကြပ်ခြင်း စတာတွေ ဖြစ်ပါတယ်။

> **❝ ပြည်ထောင်စုအဆင့်က ကြီးကြပ်ပံ့ပိုးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များရဲ့ ဦးဆောင်မှုနဲ့ ဌာနဆိုင်ရာများ ပူးပေါင်းပြီး စတင်ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ အစမှာတော့ ခက်စမြဲပါပဲ။ ဒါပေမယ့် ဒီခြေတစ်လှမ်းအစကပဲ အောင်မြင်မှုဆီ ဦးတည်နိုင်မယ့်အစအဦးဖြစ်ပါတယ်။ စလိုက်မိဖို့ကသာ အရေးကြီးဆုံးလိုအပ်ချက် ဖြစ်တဲ့အတွက် စလိုက်ပြီဆိုရင်တော့ စတင်ဆောင်ရွက်ခြင်း အကြောင်းတရားကြောင့်၊ စနစ်တကျသွင်းအားစုသုံးခြင်းရဲ့ အကြောင်းတရားကြောင့် သီးနှံဖြစ်ထွန်းခြင်းနှင့် ပန်းတိုင်အထွက်တိုးခြင်း အကျိုးတရားများကို ပြန်လည်ရရှိမှာဖြစ်❞**

အလားတူ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားရှိပြီး ကော်မတီအနေနဲ့ ကုမ္ပဏီတွေ၊ အရောင်းဆိုင်တွေက တောင်သူတွေဆီ ဖြန့်ဖြူးရောင်းချရာမှာ အလွဲသုံးစားမှုမရှိစေဖို့၊ သွင်းအားစုတွေကို သိုလှောင်ထားပြီး ဈေးကစားခြင်း၊ ဈေးနှုန်းတင်ခြင်းတွေ မဖြစ်စေဖို့နဲ့ အရည်အသွေးမှန်ကန်မှုရှိစေဖို့တွေကို စိစစ်ကြီးကြပ်ဆောင်ရွက်ရတဲ့အပြင် သွင်းအားစုတွေအတွက် ပံ့ပိုးချေးငွေတွေ ရယူထားတဲ့ တောင်သူတွေဆီက နိုင်ငံတော်ကို ပြန်လည်ပေးသွင်းရမယ့် ချေးငွေလက်ကျန်စာရင်းတွေကို စိစစ်ကြီးကြပ်ခြင်း၊ မြို့နယ်ဖြန့်ဖြူးရေးကော်မတီနဲ့ တောင်သူ အစုအဖွဲ့/ သမဝါယမအသင်းတွေအကြား ချေးငွေသဘောတူစာချုပ်တွေ ချုပ်ဆိုရာမှာ ကြီးကြပ်ခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လက်ရှိ မြေပြင်အခြေအနေကို သုံးသပ်ကြည့်တဲ့အခါ ၂၀၂၅ ခုနှစ်အတွင်း ပြည်ပဈေးနှုန်းက ဇန်နဝါရီလကနေ ဇွန်လအထိ ဈေးနှုန်းတည်ငြိမ်ပြီး ယူရီးယားတစ်တန်ကို အမေရိကန်ဒေါ်လာ ၄၂၀ ကနေ ၄၄၀ အတွင်း၊ ကွန်ပေါင်းဓာတ်မြေသြဇာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၂၀ ကနေ ၅၅၀ အတွင်း ရှိနေခဲ့တယ်။ ဗဟိုဘဏ်ရဲ့ သတ်မှတ်ဈေးကွက်ပေါက်ဈေး (Market Trading Rate) ပြည်တွင်းငွေလဲနှုန်းကလည်း တစ်ဒေါ်လာကို ငွေကျပ် ၃၆၀၀ ကနေ ၃၆၅၀ ဝန်းကျင်မှာ တည်ငြိမ်လျက်ရှိတာ တွေ့ရပါတယ်။

အလားတူပဲ ပြင်ပ Money Changer တွေမှာ ရောင်းဝယ်နေတဲ့ ငွေလဲနှုန်းကလည်း ငွေကျပ် ၄၁၀၀ ကနေ ၄၂၅၀ ဝန်းကျင်မှာ တည်ငြိမ်နေတယ်လို့ ကြားသိရပါတယ်။ ဇန်နဝါရီလကနေ ဇွန်လအထိ ယူရီးယားဈေးနှုန်းတွေမှာ တစ်တန်ကို (ရန်ကုန်အထိုင်ဈေး) ကျပ် ၁၉၀၀၀၀၀ ခန့်၊ တစ်အိတ် ကျပ် ၉၅၀၀၀ အထိ တည်ငြိမ်နေခဲ့ပါတယ်။ ပြည်တွင်း ငွေဈေးနှုန်း တည်ငြိမ်ပေမယ့် ဇူလိုင်လက စပြီး ပြည်ပဈေးနှုန်း မြင့်တက်လာတာကြောင့် တောင်သူတွေ ဝယ်ယူသုံးစွဲမှု ကျဆင်းလာတာ တွေ့ရပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ တစ်နိုင်ငံလုံးကို ခရီးစဉ်သွားရောက်စဉ် ပြည်သူတွေ တင်ပြမှုနဲ့ အခြားသတင်းအရင်းအမြစ်တွေအရ ဈေးနှုန်းကိစ္စကို သိရှိခဲ့ရပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် သမဝါယမနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်း ပြည်ပဈေးနှုန်းမြင့်တက်ချိန်မှာ ဈေးနှုန်း လျှော့ချနိုင်ဖို့အတွက် နိုင်ငံခြားငွေသုံးစွဲမှုမှာ သင့်တင့်တဲ့ ရာခိုင်နှုန်းတစ်ခုကို ဗဟိုဘဏ်သတ်မှတ်နှုန်းနဲ့ အမေရိကန်ဒေါ်လာ ရောင်းပေးဖို့ တင်ပြခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲက ယူရီးယားမြေသြဇာနဲ့ ကွန်ပေါင်းဓာတ်မြေသြဇာတွေကို သက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချပေးဖို့၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအနေနဲ့ တစ်ဒေါ်လာကို ကျပ် ၃၆၅၀ နဲ့ ရောင်းချဖို့၊ ယူရီးယားမြေသြဇာကို ရန်ကုန်အရောက်ဈေး တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၃၀၊ ကွန်ပေါင်းဓာတ်မြေသြဇာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၅၀ နဲ့တွက်ဖို့ လမ်းညွှန်မှာကြားခဲ့ပါတယ်။ ဒ့ါကြောင့် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နဲ့ စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနဲ့ တာဝန်ရှိသူတွေ တိုင်ပင်ပြီး ရန်ကုန်အထိုင်ဈေး ညှိနှိုင်းခြင်း၊ မြို့နယ်အလိုက် ပေးပို့ခြင်းကို ကော်မတီနဲ့အသင်းက တာဝန်ယူ ဆောင်ရွက်ဖို့၊ ဖြန့်ဖြူးခြင်းနဲ့ ဖြန့်ဝေခြင်းကို ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေက တိုက်ရိုက်ထောက်ပံ့နိုင်ဖို့ မူဝါဒတင်ပြဆောင်ရွက်ခဲ့ပါတယ်။

**သီးနှံပေါ်ပေးစနစ် ဆောင်ရွက်ပေးရခြင်းရဲ့ ရည်ရွယ်ချက်**

ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံတစ်ဝန်းရှိ တောင်သူတွေ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ သွင်းအားစုဓာတ်မြေသြဇာ သုံးစွဲလာနိုင်စေဖို့ ဖြစ်ပါတယ်။ ဒ့ါကြောင့် သီးနှံပေါ်ပေးစနစ်နဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ငင်းဆိုရင် မသုံးစွဲနိုင်သူများပြီး သုံးနိုင်မှ အထွက်တိုးမှာဖြစ်တဲ့အတွက် ယခုလိုဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် သွင်းအားစုသုံးတိုင်း အထွက်တိုးမှာ မဟုတ်ပါဘူး၊ မှန်မှန်ကန်ကန်သုံးမှ အထွက်တိုးမှာ ဖြစ်ပါတယ်။

**ပန်းတိုင်ထွက်နှုန်းနဲ့ သွင်းအားစုအခန်းကဏ္ဍ**

တောင်သူတွေအနေနဲ့ မျိုးကောင်းမျိုးသန့်ရမှ၊ မြေပြင်မှာ သဘာဝမြေသြဇာသုံးမှ၊ ရေရရှိရေး ရေသွင်းရေထုတ်စနစ် မှန်မှ၊ စိုက်နည်းစနစ်အတိုင်း စိုက်မှ၊ မြေသြဇာသုံးစွဲတာလည်း သတ်မှတ်ပမာဏအတိုင်း သုံးရမယ့်ရက်အလိုက် ရာသီဥတု၊ မိုးရွာသွန်းမှုတွေနဲ့ ချင့်ချိန်သုံးစွဲမှသာလျှင် အထွက်တိုးမှာ၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီမှာဖြစ်ပါတယ်။

ဓာတ်မြေသြဇာပေးအပ်ပွဲတွေမှာ ပြည်ထောင်စုဝန်ကြီးက ဘာကြောင့်လုပ်တယ်ဆိုတဲ့ ရည်ရွယ်ချက်ကို အမြဲရှင်းပြပါတယ်။ အထွက်တိုးမှ မိသားစုဝင်ငွေတိုးပွားမယ်၊ မိသားစုဝင်ငွေတိုးမှ ပညာရေး/ ကျန်းမာရေးတွေအတွက် စောင့်ရှောက်နိုင်မယ်၊ ပန်းတိုင်အထွက်နှုန်းပြည့်မီမှ နိုင်ငံတကာကို တင်ပို့နိုင်မယ်၊ ဒါမှသာ နိုင်ငံ့ဝင်ငွေတိုးမှာဖြစ်တယ်၊ လုပ်ရပ်တိုင်းကို စနစ်တကျစီမံနိုင်ဖို့ လိုအပ်ပြီး စနစ်တကျစီမံနိုင်မှ အောင်မြင်မှာဖြစ်ပါတယ်။ ဆောင်ရွက်ရမယ့် ကျေးရွာ ရွေးချယ်မှု၊ တောင်သူရွေးချယ်မှုတွေ မှန်ကန်မှ၊ အမှန်တကယ်လုပ်မယ့်သူနဲ့လုပ်မှ အောင်မြင်မှာဖြစ်ပါတယ်။ ထောက်ပံ့ငွေပြန်ကောက်ရမယ်။ ဒါမှ စေတနာက ဝေဒနာမဖြစ်မှာ၊ လုပ်ငန်း အောင်မြင်မှာဖြစ်ပါတယ်။ စနစ်တကျစုဖွဲ့ တာဝန်ပေးအပ်ခြင်း၊ ကုမ္ပဏီတွေနဲ့ စနစ်တကျစာချုပ်ချုပ်ဆို ဝယ်ယူခြင်း၊ တောင်သူတွေနဲ့ စာချုပ်ချုပ်ဆိုဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

လုပ်ငန်းစဉ်များပြီး အောက်ခြေကျေးရွာအဆင့်၊ တောင်သူအဆင့်အထိ ဆောင်ရွက်ရတာမို့ ပင်ပန်းမယ်။ ဒ့ါကြောင့် ဌာနဆိုင်ရာတွေ ပူးပေါင်းဆောင်ရွက်ကြဖို့၊ တောင်သူတွေ နားလည်သဘောပေါက်အောင် ရှင်းပြနိုင်ဖို့ အလွန်အရေးကြီးပါတယ်။

**ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်အဆင့်ဆင့်**

လုပ်ငန်းတွေ အောင်မြင်ဖို့အတွက် အဆင့်ဆင့် တာဝန်ပေးအပ်မှု၊ စုဖွဲ့တာဝန်ပေးအပ်မှု၊ တိကျတဲ့ လမ်းညွှန်ချက်ရှိမှုတွေဟာလည်း အလွန်အရေးကြီးပါတယ်။ မြို့နယ်အဆင့်က စုဖွဲ့တာဝန်ခွဲဝေ ဆောင်ရွက်ပြီး ခရိုင်အဆင့်နဲ့ ပြည်နယ်၊ တိုင်းဒေသကြီး အဆင့်တွေက ကြီးကြပ်စစ်ဆေးရတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ကျေးရွာရွေးချယ်ခြင်း၊ တောင်သူရွေးချယ်ခြင်း၊ ဓာတ်မြေသြဇာ လိုအပ်ချက်စာရင်းတွေ ကောက်ယူပြုစုခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ တောင်သူတွေကို ထုတ်ပေးခြင်း၊ သီးနှံပေါ်ချိန်မှာ ကျသင့်ငွေ ပြန်လည်ကောက်ခံခြင်း စတဲ့ လုပ်ငန်းစဉ်တွေအားလုံးအတွက် လိုက်နာဆောင်ရွက်သင့်တာတွေကို ထုတ်ပြန်ထားရှိပြီးဖြစ်ပါတယ်။

**သီးနှံပေါ်ပေးစနစ်ဆိုတာ ဘာလဲ**

သီးနှံပေါ်ပေးစနစ်ဆိုတာက တစ်နည်းအားဖြင့် အကြွေးစနစ်ဖြစ်ပါတယ်။ ဘယ်သူတွေ သက်သာတဲ့ နှုန်းနဲ့ရသလဲ။ တောင်သူတွေပဲ ရတာပါ။ ဘယ်သူတွေက ဆောင်ရွက်ပေးရလဲဆိုတော့ ဌာနဆိုင်ရာဝန်ထမ်းတွေက ဆောင်ရွက်ပေးရပါတယ်။ ဖြန့်ဖြူးခြင်း၊ အကြွေးပြန်ကောက်ခြင်းတွေ လုပ်ရပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့စေတနာ၊ တောင်သူတွေရဲ့ လိုအပ်ချက်၊ အဘက်ဘက်က ကိုက်ညီစဉ်းစား ဆောင်ရွက်ပေးထားတဲ့၊ ဘယ်ကာလတုန်းကမှ မရှိခဲ့တဲ့ စီမံကိန်းပုံစံဖြစ်ပါတယ်။ လုပ်သင့်ပါတယ်။

အောင်မြင်အောင် ဘယ်လိုစီမံကြမလဲ။ အမှန်တကယ်လုပ်တဲ့တောင်သူကို ရွေးချယ်နိုင်မှုက အရေးကြီးပါတယ်။ ဝေးလံခေါင်သီတဲ့နေရာ၊ လုံခြုံရေးမကောင်းတဲ့နေရာတွေမှာ မလုပ်ဖို့ လိုပါတယ်။ သီးနှံဖြစ်ထွန်းနိုင်မှု၊ ရေမြေသဘာဝ ကောင်းမွန်မှုရှိတဲ့နေရာတွေမှာ လုပ်သင့်ပါတယ်။ မြို့နယ်တာဝန်ရှိသူတွေက ပိုသိပါတယ်။ အကြွေးကျေတဲ့ တောင်သူပဲ ရွေးချယ်လုပ်သင့်ပါတယ်။ အကြွေးမဆပ်တဲ့ တောင်သူတွေကို မရွေးချယ်သင့်သလို သီးနှံပေါ်ပေါ်ချင်းမှာလည်း ငွေပြန်ကောက်ဖို့ အရေးကြီးပါတယ်။ ဒီအချိန်မှာ သက်ဆိုင်တဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေက ဦးဆောင် ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ပြဿနာဖြစ်လို့ ဖြေရှင်းရရင် ဖြေရှင်းဆောင်ရွက်ပေးနိုင်တဲ့ အခွင့်အာဏာရှိသူတွေက ဦးဆောင်တာဝန်ယူလုပ်နေတာဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲကျင်းပရန် ၅၇ ရက် သာ လိုတော့သည်။**

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## တောင်ငူမြို့နယ်၌ သမဝါယမကဏ္ဍမှ မြေပဲမျိုးနှင့်သွင်းအားစုပေးအပ်ပွဲအခမ်းအနား ကျင်းပ

**တောင်ငူ အောက်တိုဘာ ၃၁** ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမည့် သမဝါယမအသင်း ရှစ်သင်းမှ အသင်းသားတောင်သူ ၂၄၆ ဦး၏ စိုက်ဧက ၁၀၀၀ အတွက် မြို့နယ် သမဝါယမအသင်းစု လီမိတက်၏ အစီအစဉ်ဖြင့် တစ်ဧက လျှင် ငွေကျပ် သုံးသိန်းနှုန်းနှင့် ညီမျှသော မြေပဲနှင့် သွင်းအားစုများ ပေးအပ်ပွဲကို တောင်ငူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

တောင်ငူမြို့နယ် သမဝါယမဦးစီးဌာန တာဝန်ရှိသူများက ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှု ပန်းတိုင်အထွက်နှုန်း ရရှိစေရေးပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြေပဲစိုက်ပျိုးမည့် တောင်သူများအား စိုက်ပျိုးနည်းစနစ် မှန်ကန်မှုရှိစေရေး၊ သွင်းအားစု အချိုးကျ ထည့်သွင်းရမည့် နည်းလမ်းများကို ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက သမဝါယမအသင်းသား တောင်သူများအတွက် မြေပဲမျိုးနှင့် သွင်းအားစုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ထွန်းမှု အားကောင်းလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၁ -** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

### သီးနှံပေါ်ပေးစနစ် ဆောင်ရွက်ခြင်းကြောင့် ရရှိလာမယ့် အကျိုးကျေးဇူးများ

ယခုဆောင်ရွက်တဲ့ သီးနှံပေါ်ပေးစနစ်မှာ အဓိက အကျိုးကျေးဇူးတွေက ဘာဖြစ်မလဲဆိုရင်-

(က) ဈေးနှုန်းသက်သာခြင်း၊
( ခ ) လက်ငင်းငွေချေရန် မလိုအပ်ခြင်း၊
( ဂ ) အစိုးရဌာနဆိုင်ရာတွေက ကျေးလက်နေ တောင်သူတွေနဲ့ ထိတွေ့ဆက်ဆံမှုကြောင့် အစိုးရရဲ့ဝန်ဆောင်မှုတွေကို ပြည်သူတွေ သိရှိရယူနိုင်ခြင်း၊ အစိုးရအပေါ် ယုံကြည်မှု တိုးလာခြင်း၊ ဝန်ထမ်းတွေအပေါ် ယုံကြည်မှု ရှိခြင်းနဲ့ ဝန်ထမ်းတွေ အတွေ့အကြုံကောင်းတွေ ရရှိခြင်း။
(ဃ) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး အစိုးရတွေ ပူးပေါင်းဆောင်ရွက်မှု၊ ပုဂ္ဂလိက ကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာခြင်း ပုဂ္ဂလိက၊ ဌာနဆိုင်ရာတွေ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာခြင်း၊ အပြန်အလှန် ယုံကြည်မှုတိုးပွားလာခြင်း၊
( င ) တိုက်ရိုက်ချိတ်ဆက် ဝယ်ယူဖြန့်ဖြူးခြင်းကြောင့် ကုန်ကျစရိတ် လျှော့ချနိုင်ခြင်း စတဲ့ အကျိုးကျေးဇူးတွေ ရရှိစေပါတယ်။

### တွေ့ကြုံရနိုင်တဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေ

ဒီလိုဆောင်ရွက်ရာမှာ အခက်အခဲနဲ့ စိန်ခေါ်မှုလည်း ရှိပါတယ်။

(က) ဝန်ထမ်းအင်အား စိုက်ထုတ်ဆောင်ရွက်ရတာကြောင့် ခရီးစရိတ်တွေကို ရုံးကကျခံ ဆောင်ရွက်ရခြင်း၊
( ခ ) သီးနှံပေါ်ချိန် ပြန်ကောက်ချိန်တွင် မရမှာ စိုးရိမ်တဲ့ စိုးရိမ်စိတ်ရှိခြင်း၊
( ဂ ) ဆောင်ရွက်တဲ့ စီမံကိန်းဒေသနေ ပြည်သူတွေ သဘာဝဘေးကြုံရပါက ပြန်ရနိုင်ခြေ ခက်ခဲခြင်း၊
(ဃ) ပြန်ကောက်ချိန်တွင် မရပါက တရားစွဲဆိုခြင်း၊ ရှိတဲ့ပိုင်ဆိုင်မှုသိမ်းခြင်းတွေ ဆောင်ရွက်ရနိုင်ခြေရှိခြင်းတို့ ဖြစ်ပါတယ်။

### ဆုံးရှုံးနိုင်ခြေ (Risk)တွေကို စီမံခန့်ခွဲခြင်း

ဆုံးရှုံးနိုင်မှုနည်းပြီး အောင်မြင်ဖို့အတွက် အောက်ပါအတိုင်းဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်-

(က) လုံခြုံရေးကောင်းတဲ့နေရာတွေမှာသာ လုပ်ရန်၊ လုံခြုံရေးကောင်းတဲ့ကျေးရွာကို ရွေးချယ်ရန်၊
( ခ ) စိုက်ပျိုးဖြစ်ထွန်းတဲ့ ဒေသတွေမှာသာ လုပ်ရန်၊
( ဂ ) သဘာဝဘေး မကြာခဏ ကျရောက်တတ်တဲ့ နေရာဒေသကို ရှောင်ရန်၊
(ဃ) စိုက်ဘဏ်အကြွေး၊ သမအကြွေး၊ နိုင်/စီးအကြွေး ကျေသူတွေသာ ရွေးရန်၊
( င ) ဝေးလံတဲ့နေရာတွေ မရွေးရန်နဲ့ ဆက်သွယ်ရေး ကောင်းမွန်တဲ့ နေရာတွေ ရွေးရန်၊
( စ ) တာဝန်ယူဆောင်ရွက်မယ့် ဝန်ထမ်းတွေ၊ ဌာနဆိုင်ရာတွေကို လိုအပ်တဲ့အုပ်ချုပ်ထောက်ပံ့မှုတွေ ဆောင်ရွက်ပေးရန်၊ ရှင်းလင်းပြတ်သားတဲ့ လုပ်ထုံးလုပ်နည်းတွေ သတ်မှတ်ပေးရန်၊ စေတနာအပြည့်နဲ့ ဆောင်ရွက်နိုင်ရေး လမ်းညွှန်ဆောင်ရွက်ပေးရန်နဲ့ အဆင့်ဆင့်တာဝန်ခံ ဆောင်ရွက်ပေးရန်၊
(ဆ) ဖြန့်ဝေခြင်း၊ပြန်လည်ကောက်ယူခြင်းတွေကို ကြိုတင်ပြင်ဆင်မှု ကောင်းကောင်းနဲ့ စနစ်တကျစီမံချက်ရေးဆွဲ ဆောင်ရွက်စေရန်၊
( ဇ ) M&E အဖွဲ့ ဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေးသုံးသပ်ဆောင်ရွက်ရန်၊
( ဈ ) မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ပေါ်လာရင် ဖြေရှင်းဆောင်ရွက်ဖို့ နည်းလမ်းတွေ ချမှတ်ဆောင်ရွက်ထားရန်တို့ ဖြစ်ပါတယ်။

ဝန်ထမ်းတွေအနေနဲ့ ဆောင်ရွက်ရမှာ၊ ဆောင်ရွက်ပေးသင့်တာ သိပေမယ့် အကြွေးစနစ်ရဲ့ သဘောသဘာဝ၊ အတွေ့အကြုံတွေအရ တောင်းရခက်တတ်တာမျိုး ရှိတတ်တဲ့အတွက် ငွေပြန်ကောက်ရမှာကို စိုးရိမ်နေကြတာ တွေ့ရပါတယ်။ ဒီစိတ်ကို တာဝန်ရှိသူအဆင့်ဆင့်က ဘာကြောင့်လုပ်ရတယ်၊ ဘယ်လိုလုပ်ကြမယ်၊ ဘယ်လိုတာဝန်ယူတယ်၊ ဘယ်လိုပံ့ပိုးမယ် စသည်ဖြင့် စိတ်ခွန်အားမြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။

အောင်မြင်ဖို့အတွက် မြေပြင်အခြေအနေမှန်သိခြင်း၊ အခြေအနေအရ၊ လိုအပ်ချက်အရ ပြောင်းလွယ်ပြင်လွယ်ရှိခြင်း၊ အရှိတရားနဲ့ လိုက်လျောညီထွေဖြစ်အောင် စီမံခြင်းဟာ အရေးကြီးပါတယ်။ စီမံခန့်ခွဲသူတွေအနေနဲ့ ပွင့်လင်းမြင်သာရှိမှု၊ တာဝန်ယူတာဝန်ခံမှု အရှိတရားကို လက်ခံပြီး ဆောင်ရွက်နိုင်မှုဟာ အလွန်အရေးကြီးပါတယ်။ မတူညီမှုတွေကို စုစည်းနိုင်မှုဟာလည်း "အင်အား" ဖြစ်ပါတယ်။

### ယုံကြည် ခြေတစ်လှမ်း...

ယခုတော့ ပြည်ထောင်စုအဆင့်က ကြီးကြပ်ပံ့ပိုးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များရဲ့ ဦးဆောင်မှုနဲ့ ဌာနဆိုင်ရာများ ပူးပေါင်းပြီး စတင်ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ အစမှာတော့ ခက်စမြဲပါပဲ။ ဒါပေမယ့် ဒီခြေတစ်လှမ်း အစကပဲ အောင်မြင်မှုဆီ ဦးတည်နိုင်မယ့်အစအဦး ဖြစ်ပါတယ်။ စလိုက်မိဖို့ကသာ အရေးကြီးဆုံးလိုအပ်ချက်ဖြစ်တဲ့အတွက် စလိုက်ပြီဆိုရင်တော့ စတင်ဆောင်ရွက်ခြင်း အကြောင်းတရားကြောင့်၊ စနစ်တကျ သွင်းအားစုသုံးခြင်းရဲ့ အကြောင်းတရားကြောင့် သီးနှံဖြစ်ထွန်းခြင်းနှင့် ပန်းတိုင်အထွက်တိုးခြင်း အကျိုးတရားများကို ပြန်လည်ရရှိမှာဖြစ်ပါတယ်။ စပါးပေါ်ချိန်ဖြစ်တဲ့ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေမှာ ဒီအကျိုးတရား အသီးအပွင့်များကို ခံစားကြရမှာ မလွဲကေန်ပဲဖြစ်ပါတယ်။

အသီးအပွင့် ခံစားရရှိချိန်မှာ ပြန်လည်ပေးချေရမယ့်တာဝန်ကိုလည်း ကျေပွန်ကြဖို့ ဂရုပြုရပါမယ်။ အကြွေးဆိုတာ ယူပြီးရင် ပြန်ဆပ်ရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ထမ်းတွေက စေတနာ၊ ဝါသနာ၊ အနစ်နာခံပြီး ဆောင်ရွက်နေကြမှာဖြစ်သလို တောင်သူတွေကလည်း အကြွေးကျေအောင်ဆပ်ပြီး တာဝန်ကျေသူ၊ အကြွေးကျေသူများအဖြစ် မိမိကိုယ်မိမိ ယုံကြည်မှုရှိရှိနဲ့ ဂုဏ်ယူနိုင်အောင် ဆောင်ရွက်သွားကြဖို့ တိုက်တွန်းရင်း.....။ ။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး(၄/၂၀၂၅)ကျင်းပ

## ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများကို ထိရောက်စွာအရေးယူသွားရန်လို

နေပြည်တော် အောက်တိုဘာ ၃၁

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီအစည်းအဝေး (၄/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို မြို့နယ် ၁၀၂ မြို့နယ်ဖြင့် ဒီဇင်ဘာ ၂၈ ရက်တွင်လည်းကောင်း၊ အပိုင်း(၂)ကို မြို့နယ်ပေါင်း ၁၀၀ ဖြင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်တွင်လည်းကောင်း အပိုင်းလိုက် ကျင်းပပေးမည်ဖြစ်ကြောင်းနှင့် လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်များအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှ အမည်စာရင်းတင်သွင်းထားရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးခွင့်ကာလ ရက်ပေါင်း ၆၀ သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးသည့်ကာလအတွင်း လုံခြုံစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး စီမံချက်နှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီး၌ ပထမအကြိမ်မဲစာရင်းများကို ကြေညာထားရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အများအပြားလာရောက်ကြည့်ရှု၍ မဲစာရင်းစစ်ဆေးခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်လည်လျှောက်ထားခြင်းစသည့် မဲစာရင်းမှန်ကန်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲကာလတွင် မဲရုံလုံခြုံရေး၊ မဲပေးစက်များ လုံခြုံရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ လုံခြုံရေး၊ ဆန္ဒမဲပေးသူများလုံခြုံရေးများအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စဉ်ဆက်မပြတ်ဆက်လက်စီမံဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲကျင်းပမည့် အပိုင်းလိုက် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် လုံခြုံရေးစီမံချက်နှင့် ဆက်စပ်ဆောင်ရွက်ရမည့် သီးခြားစီမံချက်ရှစ်မျိုးတို့ကို ရေးဆွဲထားပြီးဖြစ်၍ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် မဲစာရင်းဆိုင်ရာကိစ္စရပ်များအား စုံစမ်းမေးမြန်းနိုင်ရန် Call Center များ ဖွင့်လှစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာ မဲဆန္ဒရှင်ပြည်သူများ၏ ဆက်သွယ်မေးမြန်းမှု ၇၃၂ ကြိမ် ဖြေရှင်းကူညီဆောင်ရွက်ပေးခဲ့ပြီး မဲစာရင်းပြည့်စုံမှန်ကန်စေရေးနှင့် မဲစာရင်းကျန်ရှိမှုမရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း ၂၈၃၇၅ ကြိမ်၊ လှည့်လည်နှိုးဆော်ခြင်း ၄၅၂၄၈ ကြိမ်၊ OSS ဖြင့် ဆောင်ရွက်ပေးခြင်း ၂၈၂၅၉၂ ကြိမ်ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာခဲ့သည့် မဲစာရင်းတွင် ပါရှိပြီး သက်ဆိုင်ရာမြို့နယ်၏ ပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် ရဲစခန်းအချုပ်၊ အချုပ်ထောင်၊ အကျဉ်းထောင်များ၌ အကြောင်းအမျိုးမျိုးကြောင့် ပြစ်မှုရင်ဆိုင်ဖြေရှင်းနေရသည့် အချုပ်သားများအား ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ကြိုတင်ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲကာလတွင် လာရောက်လေ့လာကြမည့် ပြည်တွင်း ပြည်ပ လေ့လာရေးအဖွဲ့များ၊ မီဒီယာများနှင့် ပတ်သက်၍လည်း လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သေချာစွာ စီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" အရ အရေးယူဆောင်ရွက်မှု ၄၀ တွင် တရားခံအမျိုးသား ၈၃ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၈၈ ဦး ရှိခဲ့ပြီဖြစ်သကဲ့သို့ ဆက်လက်၍လည်း ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများကို စုံစမ်းဖော်ထုတ်၍ ထိရောက်စွာအရေးယူသွားရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လက်ရှိရရှိထားသော တိုးတက်မှုများကို အခြေခံကာ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရွေးကောက်ပွဲ လုံခြုံရေးအတွက် မိမိနယ်မြေအခြေအနေနှင့် ကိုက်ညီသည့် လျာထားအစီအမံများ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်က ဆွေးနွေးတင်ပြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး လမ်း၊ တံတားများ ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၃၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး နေပြည်တော်–ရန်ကုန်လမ်းပိုင်းရှိ လမ်း၊ တံတားများ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။



### တိကျစွာလိုက်နာ

ဦးစွာ ဒုတိယဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန်–မန္တလေးအမြန်လမ်း (နေပြည်တော်–ရန်ကုန်) လမ်းပိုင်း မိုင်တိုင်၂၀၁/၁ မှ ၂၀၀/၆ အတွင်း ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကတ္တရာကွန်ကရစ်ခင်းရာတွင် အရည်အသွေးပြည့်မီစေရေးအတွက် အရေးကြီးသည့် သတ်မှတ် Temperature များ အတိုင်း အတိအကျ လိုက်နာ လိုက်နာ ဆောင်ရွက်သွားရန် စစ်ဆေးဆောင်ရွက်ရန်၊ အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေး ပြည့်မီစေရေး ဂရုစိုက်ဆောင်ရွက်ရန်နှင့် လမ်းရေရှည်ကောင်းမွန်စေရေးအတွက် စံချိန်စံညွှန်းများအတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်သွားရန် မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မိုင်တိုင်အမှတ် (၁၆၅/၁–၁၆၅/၃) ကြားရှိ ဆွာချောင်းတံတား(အပြန်) တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားအထူးအဖွဲ့မှ တာဝန်ရှိသူများက ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ရရှိရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးသည် အလွန်အရေးပါသော ဆက်သွယ်မှုလမ်းကြောင်းဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရန်နှင့် မော်တော်ယာဉ်များ သွားလာရာတွင် အချိန်ကြန့်ကြာမှု မရှိစေရေး တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲဆောင်ရွက်ရန် တို့ကိုမှာကြားပြီး လုပ်ငန်းခွင်အတွင်း Bored Pile တူးခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရန်ကုန်–မန္တလေး အမြန်လမ်း (ရန်ကုန်–နေပြည်တော်လမ်းပိုင်း) မိုင်တိုင် ၁၁၃/၃ မှ ၁၁၃ /၅ အတွင်း ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အမြန်လမ်းမကြီးတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပဒေသာပင်များ လှူဒါန်းပြင်ဆင်နေမှု ကြည့်ရှုအားပေး

နေပြည်တော်  အောက်တိုဘာ ၃၁

**(၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ သာသနာ့ဗိမာန်အဝင်လမ်းထိပ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဗုဒ္ဓသာသနာပြုဗိမာန်ဂေါပကအဖွဲ့၊ ကထိန်ကျင်းပရေးဦးစီးကော်မတီနှင့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။**

ဦးစွာ Bright Golden Future ကိုယ်ပိုင်ကျောင်းနှင့် ရိုးမရတနာကိုယ်ပိုင်ကျောင်းတို့မှ ကျောင်းသားကျောင်းသူလေးများက ဘင်ခရာနှင့် ပန်းဖွား အကတို့ဖြင့် ဦးစွာဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် မြို့မိမြို့ဖများက (၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



**ကြည့်ရှုအားပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့ အောင်ဆန်းခန်းမအတွင်းနှင့် သာသနာ့ဗိမာန်တော်ဝင်းအတွင်း ခင်းကျင်းပြင်ဆင်လျက်ရှိသည့် တပ်ကုန်းမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများ၊ မြို့ပေါ်ရပ်ကွက်များ၊ သီးခြားအလှူရှင်များအလိုက် ပို့ဆောင်လှူဒါန်းကြသည့် ပဒေသာပင်များ ပြင်ဆင်ခင်းကျင်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကို ဌာနဆိုင်ရာများ၊ တပ်နယ်မိသားစုများ၊ စာသင်ကျောင်းများ၊ မြို့ပေါ်ရပ်ကွက်များနှင့် သီးခြားအလှူရှင်များအလိုက် လှူဒါန်းကြသည့် ပဒေသာပင်များကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ မြို့တွင်းသို့ လှည့်လည်၍ သာသနာ့ဗိမာန်ဝင်းသို့ ပို့ဆောင်ကြမည်ဖြစ်ပြီး နိုဝင်ဘာ ၆ ရက်တွင် အောင်ဆန်းခန်းမ၌ လှူဒါန်းမှု အခမ်းအနားပြုလုပ်ကာ တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၄၉ ကျောင်းသို့ ခွဲဝေပေးပို့လှူဒါန်းကြမည်ဖြစ်ကြောင်း၊ ယင်းနေ့ ညနေ ၆ နာရီမှစ၍ မဟာဘုံကထိန်ပွဲတော် အောင်မြင်မှုအထိမ်းအမှတ်အဖြစ် တပ်ကုန်းမြို့နယ် အားကစားကွင်း၌ မီးပုံးပျံအကြီး ငါးလုံးနှင့် မီးပုံးပျံအသေးအလုံး ၅၀၀ တို့ကို လွှတ်တင်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**လွှတ်တင်ပူဇော်မည်**

ထို့ပြင် ဘုံကထိန်ပွဲတော်အား ဂုဏ်ပြုသောအားဖြင့် လှည်းယဉ်ကြော့ပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ မြို့နယ်အားကစားကွင်းတွင် နေ့စဉ်ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် လှည်းယာဉ် ၂၈ စီး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဆုငွေများအဖြစ် ပထမဆု ငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၄၀၊ တတိယဆု ငွေကျပ်သိန်း ၃၀၊ အထူးဆုများကို ၁၀ သိန်းစီနှင့် ကျန်ပြိုင်ပွဲဝင်များအား ငါးသိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကာဆုချီးမြှင့်ပွဲ အခမ်းအနားပြီးနောက် မီးပုံးပျံအကြီးတစ်လုံးနှင့် မီးပုံးပျံအသေးအလုံး ၁၀၀ တို့ကို အောင်မြင်မှု အထိမ်းအမှတ်အဖြစ် လွှတ်တင်ပူဇော်ကြမည်ဖြစ်သည်။

တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများအဖြစ် နိုဝင်ဘာ ၂ ရက်တွင် တပ်ကုန်းမြို့ ဂီတအစည်းအရုံးအစီအစဉ်ဖြင့် အဆို၊ အတီး၊ အကဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ထူးအယ်လင်း၊ ချယ်ရီသင်း၊ ဖြူဖြူထွေး၊ မာရီကိုးလ်၊ ရှမ်းလေး၊ ဒွန်း၊ အေးမြဖြူ၊ ရသ၊ ပိုးမီ၊ ယွန်းမြတ်သူ၊ ဟန်စစ်အိမ်နှင့် ဖြိုးကျော်ထိုက်တို့က လည်းကောင်း မော်တော်ယာဉ်များဖြင့် မြို့တွင်း၌ လှည့်လည်သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

**စေတနာထားဆောင်ရွက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရိုက်ကူးရေး Studio တွင် စီစဉ်ဆောင်ရွက်လျက်ရှိသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောစည်းရုံးမှု ရိုက်ကူးရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ပေးထားသော ရိုက်ကူးရေးလုပ်ငန်းစဉ်အတိုင်း စနစ်တကျဖြစ်စေရန်နှင့် စေတနာထား ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မန္တလေးလျှင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ပင်မရုံးအဆောက်အအုံအတွင်း မျက်နှာကြက်များ ပြိုကျပျက်စီးမှုနှင့် နံရံများ အက်ကွဲပျက်စီးမှုတို့ကို ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီမှ ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဝန်ထမ်းစားရိပ်သာတွင် ဝန်ထမ်းများ နေ့လယ်စာ စားသောက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ဝင်ငွေတိုးစီမံကိန်းကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မိသားစုဝင်ငွေတိုးပွားရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြစေလို

**နေပြည်တော် အောက်တိုဘာ ၃၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် "အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း" ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွင့်လှစ်ခဲ့သည့် စက်ချုပ်သင်တန်း၊ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း ပညာသင်တန်း၊ စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု သင်တန်းများ၏ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းဆင်းများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၉၆ ရွာတွင် သင်တန်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လုပ်ငန်းရှင် ၉၈၀ ကို ထပ်မံမွေးထုတ်ပေးနိုင်ခဲ့၍ ယနေ့အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လုပ်ငန်းရှင် စုစုပေါင်း ၂၆၄၂ ဦးအထိ ရှိလာပြီဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း အဆိုပါ ဝင်ငွေတိုးစီမံကိန်းကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ သင်တန်းဆင်းများ အနေဖြင့် မိမိတို့၏ လုပ်ငန်းများ ရေရှည်အောင်မြင်ရေး၊ စဉ်ဆက်မပြတ် မိသားစုဝင်ငွေတိုးပွားရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး(ဝဲပုံ)က စက်ချုပ်နည်းပညာသင်တန်းမှ သင်တန်းဆင်း ၁၀ ဦးအတွက် အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်း နည်းပညာသင်တန်းဆင်း ငါးဦးအတွက် ဘက်ထရီအားသွင်းကိရိယာ၊ ဖိအားမြင့်ရေဖျန်းစက်၊ လက်သုံးကိရိယာအစုံ၊ T-Spanner အစုံ၊ သံလိုက်တုံးဖြုတ်ကိရိယာနှင့် ၄" ကျောက်စက်များကို လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဆင်း ငါးဦးအတွက် စတီးကန်၊ Liquid Soap Mixer နှင့် Balance ကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း ငါးဦးအတွက် Electric Dryer နှင့် ခြေနင်းအိတ်ပိတ် စက်များကို လည်းကောင်း ပေးအပ်ခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းများ ကိုယ်စား သင်တန်းဆင်း တစ်ဦးကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းထူထောင်မည့် သင်တန်းဆင်းများကို တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ ဌာနမှ ပေးအပ်သည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ၊ သင်တန်းမှ ထွက်ရှိသော ကုန်ချောပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့

**တန်ဆောင်မုန်းလသည် မြန်မာလများ၏ အဋ္ဌမမြောက်လဖြစ်သည်။ “တန်ဆောင်” မှာ မီးတိုင်ဖြစ်ပြီး “မုန်း”မှာ ပျံ့နှံ့စေခြင်း အဓိပ္ပာယ်ရကာ ထိုဝေါဟာရ နှစ်ခုပေါင်းလိုက်လျှင် မျက်စိတစ်ဆုံး ဆီမီးတိုင်များပွားများထွန်းလင်းနေသည်ဟု ဆိုလိုသောကြောင့် မီးထွန်းပွဲကို ရည်ညွှန်းခြင်းဖြစ်သည်။**

လွှမ်းပိုးအိမ်



တန်ဆောင်မုန်းလသည် မိုးရာသီတစ်ဝက်၊ ဆောင်းရာသီတစ်ဝက်ဖြစ်နေ၍ မိုးနှောင်းဆောင်းဦး ဖြစ်ပြီး သာယာကြည်နူးဖွယ်ကောင်းသော တန်ဆောင်မုန်းလ ဖြစ်သည်။ အချို့ဒေသများတွင် မိုးရွာခြင်းများ ရပ်တန့်သွားသော်လည်း ဆီးနှင်းများက နေရာယူလာကြပြီး တစ်ခါတစ်ရံ ဆီးနှင်းကျလိုက်၊ မိုးရွာလိုက်နှင့် ဖြစ်နေတတ်သည်။ တန်ဆောင်မုန်းလတွင် “ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်” ဟူ၍ ရှေးလူကြီးများက စာအလင်္ကာဖြင့် မှတ်သားထားကြသည်။

တောင်သူလယ်သမား ဦးကြီးများ၏ ရွှေဝါရောင် လယ်ကွင်းများမှာလည်း စပါးနှံများသည် ဝတ်ဆံများဖြင့် တင်းရင်းကျစ်လျစ် ဖုလုံးနေကြ၍ “ဖုံးတုန်း လုံးတုန်း တန်ဆောင်မုန်း” ဟု ပြောဆိုမှတ်သားကြသည်ကို လေ့လာသိရှိရသည်။

### မီးရှူး၊ မီးတိုင်များ ထွန်းညှိပူဇော်

တန်ဆောင်မုန်းလ၏ ထူးခြားသော လက္ခဏာတစ်ရပ်မှာ ကောင်းကင်ကြည်လင်ခြင်း ဖြစ်သည်။ တန်ဆောင်မုန်းလ၏ စန်းယှဉ်နက္ခတ်မှာ ကြတ္တိကာနက္ခတ်နှင့် ကျီးတာရာတို့သည် လနှင့်ယှဉ်ကာ ထွန်းလင်းကြပြီး ရာသီအားဖြင့် ဗြိစ္ဆာဟု ခေါ်သည်။ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ ရာဇမတ္တဏ်ကျမ်းအရ ကြတ္တိကာနက္ခတ်စောင့် မီးနတ်သားသည် တန်ဆောင်မုန်းလသို့ရောက်တိုင်း လူ့ပြည်သို့ ဆင်းလာသောအခါ ယုံကြည်မှုရှိသော လူသားများက မီးရှူး၊ မီးတိုင်များ ထွန်းညှိလျက် ပျော်ပွဲရွှင်ပွဲများဖြင့် ရိုသေစွာ ပူဇော်ကြခြင်းပြုရာမှ “တန်ဆောင်တိုင် မီးထွန်းပွဲ”ဟူ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။

တန်ဆောင်တိုင်မီးထွန်းပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပခဲ့ကြပြီး တန်ဆောင်မုန်းလပြည့်နေ့သည် သီတင်းကျွတ်လပြည့်နေ့ကဲ့သို့ပင် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်တစ်နေ့ပင်ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် မသိုးသင်္ကန်းရက်ပွဲ ကျင်းပလေ့ရှိသည်။ ဘုရားရှင်၏ မယ်တော်မိနတ်သားသည် သားတော်ဘုရားအလောင်း တောထွက်ရဟန်းပြုမည်ကိုသိ၍ သင်္ကန်းကပ်လိုသောကြောင့် ညဥ့်ချင်းပြီး သင်္ကန်းရက်ချုပ်သော အထိမ်းအမှတ်အဖြစ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း မသိုးသင်္ကန်းရက်ပွဲ ကျင်းပကာ မြတ်စွာဘုရားအား မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။ ထို့အပြင် ကြယ်တာရာ နက္ခတ်စုံသော အခါသမယ တန်ဆောင်မုန်းလတွင် တာဝတိံသာရှိ စူဠာမဏိဘုရားအား ပူဇော်ဟန်မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။

သို့ကြောင့်ပင် ...
လမြတ်ချိန်ခါ၊
ရာသီရွှေ့ပြောင်း၊ မိုးနှောင်းလက်ကျန်
မြောက်ပြန်လေမြူး၊ ဟေမာန်ဦးဝယ်
ဆုထူးပန်သည်၊ မင်္ဂဖိုလ်ရည်လို့
ဆီမီးပူဇော်၊ ဖူးကော်ရော်လျက်
ချိန်မကျော်သင်္ကန်း၊ ရက်လှူဒါန်းလေ့
စိတ်ချမ်းမြေ့ကုန်၊ လှူဖွယ်စုံပ
ဘုံကထိန်ပွဲ၊ ခြိမ့်ခြိမ့်သဲပင်
ဆင်နွဲပျော်ဟန်၊ ဒိုးပတ်သံနှင့်
နိဗ္ဗာန်ရည်မှန်း၊ ပြုလှူဒါန်းသည်
ရွှင်လန်းကြည်နူး၊ လမြတ်ထူး။
မီးပုံးပျံပွဲ
ဆင်နွဲခြိမ့်အုန်း၊ ရှုမဆုံးတည့်
ရပ်လုံးကြွကြွ၊ မှိုင်းဝဝလျှင်
မြူးကြွသည့်ဟန်၊ သူ့အားမာန်နှင့်
ထက်ယံတစ်လွှား၊ တိမ်ညွန့်စားသို့
ကြွားကြွားဝင့်ဝင့်၊ ဝဲပျံလွင့်၍
နှင်းပွင့်တွဲခို၊ ဟန်မူပိုစွ
ရှုလိုချင်စမ်း၊ မီးရှူးပန်းတို့
ထက်တန်းတစ်လျှောက်၊ ဖွားဖွားပေါက်ဘိ
ထက်အောက်ဘယ်ညာ၊ ရောင်စုံဖြာလျက်
အာကာတစ်ခွင်၊ လင်းလက်ထင်သည်
နှစ်စဉ်ကျင်းပ ပူဇော်မြဲ
မီးထွန်းပွဲအလှ ခြိမ့်ခြိမ့်သဲ
တန်ဆောင်မုန်းလ ရာသီပွဲ။

ဟု ရေးဖွဲ့စပ်ဆိုထားသည်ကို လေ့လာမှတ်သားခဲ့ရပါသည်။

### သာမညဖလသုတ်တော်ကို ဟောကြား

သာမညဖလအခါတော်နေ့ဖြစ်ပေါ်လာရသည့် သမိုင်းကြောင်းမှာ အဇာတသတ် မင်းကြီးသည် ကျေးဇူးရှင်ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မိခဲ့ရာမှ အိပ်မပျော်သည့်ရောဂါ စွဲကပ်ခဲ့ပြီး ဆရာဇီဝက၏ အစီအမံဖြင့် ဘုရားရှင်ထံ ရောက်ရှိခဲ့ကာ ရဟန်းပြုရခြင်း အကျိုးကျေးဇူးကို သိလိုသဖြင့် မေးမြန်းလျှောက်ထားလာသော အဇာတသတ်မင်းကြီးကို မြတ်စွာဘုရားရှင်သည် ခဝဲပန်းလှိုင်လှိုင် ပွင့်သော တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်အခါ၌ ရာဇဂြိုဟ်မြို့အနီးရှိ ဆရာဇီဝက သရက်ဥယျာဉ်တွင် သာမညဖလသုတ်တော်ကို ဟောကြားတော်မူသည်။

ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသည့် “သာမညဖလသုတ္တန်” ဒေသနာတော်ကို နာကြားရပြီး မင်းအဇာတသတ်၏စိတ်ကို တည်ငြိမ်ကြည်လင်စေခဲ့သည်။ ခမည်းတော်အား ပြစ်မှားခဲ့သော ‘ပိတုဃာတကကံကြောင့် တစ်မဂ်၊ တစ်ဖိုလ် မရခဲ့ဘဲ သရဏဂုံတည်သည့် ဥပါသကာသာ ဖြစ်တော်မူသည်။ သာမညဖလသုတ် တရားတော်ကို နာကြားခွင့်ရသည့်အခါ အဇာတသတ်မင်းကြီးသည် ရတနာသုံးပါးကို ကြည်ညိုသည့် သာသနာပြု မင်းကောင်းမင်းမြတ်ဖြစ်လာသည်ဟု သီလက္ခန္ဓဝဂ္ဂပါဠိတော်၌ ဖော်ပြထားသည်ကို သိရှိရသည်။ ဤသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို “သာမညဖလအခါတော်နေ့”ဟု သတ်မှတ်ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထေရဝါဒဗုဒ္ဓသာသနာ သန့်ရှင်းတည်တံ့ပြန့်ပွားစေရန်အတွက် အရေးပါသော ပထမ သင်္ဂါယနာတင်ပွဲကြီး ဖြစ်မြောက်အောင်မြင်အောင် ကူညီပံ့ပိုးခဲ့ပြီး မြတ်ဗုဒ္ဓ၏ ဓာတ်နိပါတ်တော်များ မပျောက်ပျက်အောင် စုစည်းသိမ်းဆည်းထိန်းသိမ်းပေးခဲ့သည်။ ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ သမိုင်းမှတ်တမ်း တိကျခိုင်မာစေရေးအတွက် အရေးပါသော သာသနာတော်နှစ်ကို သတ်မှတ်ပေးခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့် ကဆုန်လပြည့်နေ့မှစ၍ သာသနာတော်နှစ်ကို စတင်ခဲ့သည်။ ဗုဒ္ဓဘာသာဝင်များအတွက် ဓာတ်တော်များကို စနစ်တကျ သိမ်းဆည်းထားခဲ့သည်။ အဇာတသတ်မင်းကြီး၏ အမြော်အမြင်ကြီးမားမှုကြောင့် ဗုဒ္ဓသာသနာနှစ်ကို အတိအကျ သတ်မှတ်ပေးခဲ့သည်။

အဇာတသတ်မင်းကြီးကို အကြောင်းပြု၍ သာမညဖလအခါတော်နေ့ ဖြစ်ပေါ်လာရခြင်း၊ သံဃာတော်များကို ပူဇော်သည့်နေ့မြတ် ဖြစ်ပေါ်လာရခြင်းတို့ကို ရည်ရွယ်၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့ ကျင်းပခြင်းသည် အဓိက အနှစ်သာရဖြစ်သည်။ သာမညဖလအခါတော်နေ့နှင့်အတူ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ် ကပ်လှူပွဲတော်၊ ပံ့သကူပစ်ပွဲ၊ ရှင်မာလဲပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်တို့အပြင် မိသားစု၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်းအချင်းချင်း မယ်ဇလီဖူးသုပ် ဝေငှလှူဒါန်းပွဲ စသည်ဖြင့် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ဒေသအလိုက် ထုံးစံနှင့်အညီ ပွဲအမျိုးမျိုး ကျင်းပကြသည်။

### ကောင်းမှုကုသိုလ် ပြန့်ပွားအောင်ရွက်ဆောင်

တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပလေ့ရှိကြသည့် ဘာသာရေးအစဉ်အလာတစ်ခုမှာ နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲဖြစ်သည်။ အချို့သူများအနေဖြင့် ရှေးတန်ဆောင်တိုင်ပွဲတော်နှင့် အသွင်သဏ္ဍာန်တို့ကို ဆက်လက်ဆောင်ယူနေဆဲဖြစ်သည်။ တန်ဆောင်တိုင်ပွဲတော်သည် နက္ခတ်ပူဇော်ပွဲမှ အကြောင်းခံလာသည်။ မြတ်ဗုဒ္ဓလက်ထက်ကတည်းက နက္ခတ်ပူဇော်ပွဲတွင် သူခိုးနက္ခတ်ပွဲပါရှိခဲ့သည်။ ဗာလနက္ခတ်ပွဲ၊ သူခိုးနက္ခတ်ပွဲမှာ ခုနစ်ရက်ကြာသည်။ တန်ဆောင်မုန်းလပြည့်နေ့မြတ်အခါကာလ တွင် ဗုဒ္ဓမြတ်စွာသာသနာတော်ထွန်းကားပြန့်ပွားရေးကို အလေးအမြတ်ပြုခဲ့သည့် အဇာတသတ်မင်းကြီးဖြစ်စဉ်တော်ကို ဆင်ခြင်မှတ်သား၍ အများ ပြည်သူတို့ ကောင်းမှုကုသိုလ်များ ပြန့်ပွားအောင် ကြိုးပမ်းရွက်ဆောင်ခြင်းဖြင့် မကောင်းမှုများပါးလျားကာ ကောင်းကျိုးရလဒ်များ တိုးပွားလာခဲ့သည်။

သို့ဖြစ်ရာ နက္ခတ်ပူဇော်ပွဲများ၊ ဗာလနက္ခတ်ပွဲများမှာ အစဉ်အလာအားဖြင့် ရှိခဲ့သော်လည်း ဗုဒ္ဓဘာသာဝင် မြန်မာတို့အနေဖြင့် မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် မကိုက်ညီသည့်အတွက် ရှောင်ရှားသင့်ပါသည်။ ကထိန်သင်္ကန်းကပ်လှူခြင်း၊ ဆီမီးထွန်းပူဇော်ခြင်း၊ ကောင်းသောအမှုများ ပြုလုပ်ခြင်းတို့သည်သာ ကောင်းကျိုးများကို ရရှိစေနိုင်သည့် ရိုးရာအစဉ်အလာ ဘာသာရေးအမှုများကို တိုးပွားပြုလုပ်သင့်ပါသည်။ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့တွင် အေးချမ်းလှပလပြည့်ည၏ အရသာကို “သာမည” ရဟန်းပြုခြင်း၏ “ဖလ” အကျိုးကျေးဇူးမည်သော သာမညဖလသုတ်တော်ကို အာရုံပြု၍ အဇာတသတ်မင်းကြီးကဲ့သို့ ကြီးလေးသော အပြစ်တို့ကို ကုစားပြီး ရဟန်းပြုခြင်းကဲ့သို့ စစ်မှန်သော ငြိမ်းအေးချမ်းသာမှုတို့ကို ဆောင်ကြဉ်းအားထုတ်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။

❖ **အဇာတသတ်မင်းကြီးကို အကြောင်းပြု၍ သာမညဖလအခါတော်နေ့ ဖြစ်ပေါ်လာရခြင်း၊ သံဃာတော်များကို ပူဇော်သည့်နေ့မြတ် ဖြစ်ပေါ်လာရခြင်းတို့ကို ရည်ရွယ်၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့ကျင်းပခြင်းသည် အဓိက အနှစ်သာရဖြစ်သည်။ သာမညဖလအခါတော်နေ့နှင့်အတူ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ကပ်လှူပွဲတော်၊ ပံ့သကူပစ်ပွဲ၊ ရှင်မာလဲပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်တို့အပြင် မိသားစု၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်းအချင်းချင်း မယ်ဇလီဖူးသုပ် ဝေငှလှူဒါန်းပွဲ စသည်ဖြင့် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ဒေသအလိုက် ထုံးစံနှင့်အညီ ပွဲအမျိုးမျိုး ကျင်းပကြ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လျှင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လမ်းများ ပြန်လည်ပြုပြင်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၃၁**
နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေး မြို့နယ်များအတွင်း မန္တလေးမြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်လမ်းများ၊ လမ်းဘေးပလက်ဖောင်းများ၊ လမ်းလယ်ကျွန်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လမ်းဘေး ဝဲ/ယာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေး၊ ရာသီအလိုက် ပန်းအလှပင်များနှင့် အရိပ်ရအပင်များ ထပ်မံစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ပျိုးသည့်အပင်များ ရှင်သန်ကြီးထွားအောင် စိုက်ပျိုးကြရန်၊ လမ်းဥပဓိရုပ်ကောင်းမွန်စေရေး၊ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်များအတွင်း မန္တလေးမြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်လမ်းပိုင်းများအား နိုင်လွန်ကတ္တရာခင်းကျင်းနေမှု၊ Total station ကိရိယာဖြင့် တိုင်းတာနေမှုများ၊ လမ်းဘေးပလက်ဖောင်းများနှင့် ကပ်တုံးများ ပြန်လည်ပြုပြင်နေမှု အခြေအနေများနှင့် လမ်းဘေးမြေယာရှင်းများ သန့်ရှင်းသာယာရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အား တိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်အချိန်အတွင်း ပြီးစီးစေရန်နှင့် အရည်အသွေးစံချိန်၊ စံညွှန်းများ ကိုက်ညီမှုရှိစေရန် စစ်ဆေးဆောင်ရွက်ရေး၊ ရေရှည်တည်တံ့မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေး၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင်အသုံးပြုရေး၊ သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**





ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ

# ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ မြန်မာ့ပင်လယ်ပြင်အတွင်း ရေတပ်ဆိုင်ရာ ပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၈ ရက်အထိ ရေပြင်၊ ဝေဟင်လက်နက် လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့် ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ် ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေး အတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

# ရန်ကုန် - နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းသစ်အား ခဲဖြင့်ပေါက်သူဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**
မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်ဖြင့် အမှတ် (၇)အဆန်၊ အမှတ် (၈)အစုန် အမြန်ရထားနှင့် အမှတ် (၃၁)အဆန်၊ အမှတ် (၃၂)အစုန် အမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၅၉ မိနစ်တွင် အမှတ် (၇) အဆန်ရထားအား ဖြူးနှင့် ဇေယျဝတီဘူတာအကြား ကားလမ်းကူး နေရာအရောက် ရထားသံလမ်း အနောက်ဘက်မှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ပထမတန်းတွဲအမှတ် ၂ DEMU F–1010 တွဲ၏ ခုံအမှတ် ၃၊ ၄၊ ၅၊ ၆ နေရာရှိ ပြတင်းပေါက်မှန် နှစ်လက်မခွဲခန့် ပေါက်သွားပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်ပွားရာနေရာသို့ ဖြူးမြို့နယ် ရထားရဲတပ်ဖွဲ့၊ ဖြူးမြို့နယ်ရဲစခန်းနှင့် ဖြူးမြို့မ အရှေ့ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ သွားရောက်စစ်ဆေးရာ ရထားလမ်း၏ အနောက်ဘက်ချုံပုတ်အနီးတွင် တရားခံဖြစ်သူ ထက်ဦးလွင်(ခ) ငထော်နီ (ဘ)ဦးသိန်းနိုင်၊ အသက်(၁၈) နှစ်၊ သင်္ချိုင်းကုန်းကွက်သစ်၊ ဗထူး(၆)လမ်း၊ အုတ်ဖြတ်ရပ်ကွက် ဖြူးမြို့နယ်နေသူအား ဖမ်းဆီးရမိသဖြင့် ဖြူးမြို့နယ်ရဲစခန်းတွင် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြောင်း သိရှိရသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း(သို့မဟုတ်) တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ အထိမပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ကြောင်း သိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာရေးနိုင်ရေးအတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန် လိုအပ်ကြောင်း သိရှိရသည်။

**မြန်မာ့မီးရထား**









# ဖြူးမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

**ဖြူး အောက်တိုဘာ ၃၁**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယဦးစီးမှူး ဦးအေးမင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုလတ်၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးနိုင်ထွေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မောင်ဆွေတို့က သီးနှံထွက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်များ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်အသုံးပြုရေး၊ သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာများ ထည့်သွင်းအသုံးပြုရေး နည်းပညာပေးဆွေးနွေးသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၅ - ၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**မုံရွာ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအတွင်းရှိ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး၍ စိုက်ပျိုးထားသည့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အလေးထားဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ကျေးလက်စီးပွားရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ခြင်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီအဖွဲ့များနှင့် ဒေသခံတောင်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် ၂၀၂၅ -၂၀၂၆ ခုနှစ် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးသွားမည့်အခြေအနေ၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ စားရေရိက္ခာဖူလုံစေရေး အသား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေဖြန့်ဝေပေးနေမှု၊ လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ထားရှိမှုနှင့် ဒေသခံတောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးထားမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ခရိုင်များအလိုက် မြို့နယ်များအတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့တွင်းလမ်းများကောင်းမွန်ရေးဆောင်ရွက်နေမှုကြည့်ရှု ၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ တက်ရောက်အားပေး

**တောင်ကြီး အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ အနောက် မြို့ပတ်လမ်း ရောဝတီ လမ်းဆုံမှ ဝါးပြားလမ်းဆုံအထိ လမ်းပေါက်ဖာခြင်းနှင့် ကတ္တရာ



ထပ်ပိုးလွှာလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းများရေရှည်ခိုင်ခံ့ကောင်းမွန်ရေးနှင့် ပျက်စီးမှုမရှိစေရေး စနစ်တကျ စိစစ်ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဂနိုင်ကန်သာယာအတွင်း ပန်းအလှပင်များစိုက်ပျိုးထားရှိမှု၊ ကန်အတွင်း အမှိုက်များဆယ်ယူနေမှုနှင့် ကန်ပတ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဂနိုင်ကန်မှ ကျောင်းကြီးစုသွား လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှု၊ လမ်းဘေးဝဲယာတွင် ရေနုတ်မြောင်းနှင့် ပလက်ဖောင်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြို့မရပ်ကွက် စဝ်စံထွန်းလမ်း ပြန်လည် ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းများရေရှည်ခိုင်ခံ့ကောင်းမွန်ရေးနှင့် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယမန်နေ့ ညပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ကျင်းပသည့် ၂၀၂၅ ခုနှစ် တောင်ကြီးမြို့၏ ရိုးရာမပျက် တန်ဆောင်တိုင်ပွဲတော်သို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ကွင်းအတွင်း၌ လာရောက်ယှဉ်ပြိုင်ကြသည့် မီးပုံးပျံအဖွဲ့သားများနှင့် အကဲဖြတ်အမှတ်ပေးကြမည့် ဒိုင်အဖွဲ့များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စိန်နားပန်မီးပုံးပျံလွှတ်တင်နေမှုကို ကြည့်ရှုအားပေးသည်။

တောင်ကြီး တန်ဆောင်တိုင်ပွဲတော် ဒုတိယညတွင် ခေတ်ပေါ်တေးဂီတဖြင့် ဒေသခံအဆိုတော်များက ဖျော်ဖြေတင်ဆက်ကြပြီး ညမီးကြီး မီးပုံးပျံခြောက်လုံး၊ စိန်နားပန်မီးပုံးပျံငါးလုံး စုစုပေါင်း မီးပုံးပျံ ၁၁ လုံး လွှတ်တင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်

### စပါးတင်း(၁၀၀)၏ဈေးနှုန်းကို (၁,၁၅၀,၀၀၀) ကျပ်သတ်မှတ်

ကြေညာချက်အမှတ် (၁/၂၀၂၅)

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် (၁၄)% ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆) ပေါင်ကိုက် စပါးတင်း(၁၀၀)၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို (၁,၁၅၀,၀၀၀) ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၅ ခုနှစ် မိုးစပါးနှင့် ၂၀၂၆ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ် ရုံးချုပ် (ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆)သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**



ရွှေဘိုမြို့နယ်အတွင်းရှိ ဈေးများ၌ အောက်တိုဘာ ၃၀ ရက်က ခရိုင်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးဆောင်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြ လေ့ကျင့်ခြင်းကို ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၃၀ ရက်က ဆင်ပေါင်ဝဲမြို့ သာဂေါင်ရပ်ကွက် အတွင်းရှိ နေအိမ်များတွင် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)



## ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်

# အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၃၁

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Chief Commissioner ဖြစ်သူ Tan Sri Dato' Sri Hj. Azam Baki ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN–PAC) ၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးသို့ တက်ရောက်သည်။**

အာဆီယံဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption_ ASEAN–PAC) ၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး၏ ပထမနေ့ဖြစ်သည့် အောက်တိုဘာ ၂၈ ရက်တွင် သဘာပတိအဖြစ် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(MACC)၏ Chief Commi–ssioner H.E. Tan Sri Dato' Sri Hj. Azam Baki က ဆောင်ရွက်ပြီး ယခင်နှစ်ကကျင်းပခဲ့သည့် အကြိမ် (၂၀) မြောက် အကြီးအမှူးများအစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ ယခင်နှစ်က အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ KPK မှ General Commissioner က ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ASEAN–PAC ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးခြင်း၊ အဖွဲ့ဝင်နိုင်ငံ အသီးသီးအနေဖြင့် ၂၀၂၃–၂၀၂၅ ခုနှစ်အတွက် ASEAN–PAC လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်မှု အခြေအနေများအား တင်ပြဆွေးနွေးခြင်း၊ ၂၀၂၆–၂၀၂၈ ခုနှစ်အတွက် ASEAN–PAC လုပ်ငန်းအစီအစဉ်များကို ပြန်လည်ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊ နိုင်ငံအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သည်။

အဖွဲ့ဝင်နိုင်ငံများအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဆွေးနွေးရာတွင် အဂတိလိုက်စားမှု၏ အများပြည်သူအပေါ် ဆိုးကျိုးသက်ရောက်မှုအခြေအနေများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု (Public–Private Partnership) ၏ အရေးပါမှုများ၊ မြန်မာနိုင်ငံတွင် ချမှတ်ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၏ အာဏာသက်ရောက်မှုများ၊ ကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန် (၃) ရပ်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ကော်မရှင်၏ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အဂတိလိုက်စားမှု ကြိုတင်တားဆီးကာကွယ်ရေးအစီအမံများ၊ ဥပဒေမူဘောင်ခိုင်မာရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် အများပြည်သူပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုတို့ကို အလေးထားဆွေးနွေးပြောကြားခဲ့သည်။ ညနေပိုင်းတွင် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (Malaysian Anti–Corruption Comission _MACC) ၏ Chief Commissioner မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပါဝင်တက်ရောက်သည်။

အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် အောက်တိုဘာ ၂၉ ရက်တွင် ASEAN–PAC Portal နှင့် စပ်လျဉ်း၍ မလေးရှားနိုင်ငံ MACC မှ ဆွေးနွေးတင်ပြခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ၎င်းတို့၏အာဆီယံဒေသအတွင်းရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ပြီး လာမည့်နှစ်အတွက် ASEAN–PAC ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ASEAN–PAC အား ပိုမိုခိုင်မာအားကောင်းသော အဖွဲ့အစည်းတစ်ခုဖြစ်ပေါ်လာစေရန် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (MACC) ၏ Chief Commi–ssioner H.E. Tan Sri Dato' Sri Hj. Azam Baki က နိဂုံးချုပ်စကားပြောကြားခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးက မြန်မာနိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မဟုတ်သော်လည်း အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ဝင်နိုင်ငံအားလုံးက မြန်မာနိုင်ငံအား အလှည့်ကျဥက္ကဋ္ဌအဖြစ်နှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးနှင့် စပ်လျဉ်း၍ တညီတညွတ်တည်း လက်ခံသဘောတူမှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ နေပြည်တော်၌ ပြန်လည်တွေ့ဆုံနိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။ မွန်းလွဲပိုင်းတွင် သီးခြားအစီအစဉ်အဖြစ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲသို့ ကော်မရှင်က ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေး တတိယနေ့ဖြစ်သည့် အောက်တိုဘာ ၃၀ ရက်တွင် "ကဏ္ဍပေါင်းစုံ ပါဝင်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာများအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍပူးပေါင်းဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး မလေးရှားနိုင်ငံ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပို့ဆောင်သော လေ့လာရေးခရီးစဉ်သို့ သွားရောက်ခဲ့သည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌသည် ကမ္ဘောဒီးယားနိုင်ငံ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ အကြီးအမှူးများ၊ ကိုယ်စားလှယ်များနှင့် နှစ်နိုင်ငံချင်း သီးခြားတွေ့ဆုံခဲ့ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ *ကျော့ဖုံးမှ*

ဗိုလ်မှူး ပြည့်ဖြိုးမောင်က ရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါညီလာခံသို့ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ အင်ဂျင်နီယာကောင်စီနှင့် အင်ဂျင်နီယာအသင်းချုပ်မှ တာဝန်ရှိသူများ၊ World Engineering Organization နှင့် ASIA PACIFIC Region Engineering Organization တို့မှ တာဝန်ရှိသူများ၊ အာရှနှင့် အာဆီယံနိုင်ငံအသီးသီးမှ အင်ဂျင်နီယာများ တက်ရောက်ကြပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ညီလာခံများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သုတေသနစာတမ်း ဖတ်ကြားခြင်းများကို ဆောင်ရွက်ကြသည်။

အောက်တိုဘာ ၃၀ ရက်တွင် ညီလာခံ၏ ညစာစားပွဲအခမ်းအနားကျင်းပခဲ့ပြီး အဆိုပါအခမ်းအနား၌ ASEAN Federation of Engineering Organizations (AFEO) ဥက္ကဋ္ဌက အာဆီယံ အကောင်းဆုံး အင်ဂျင်နီယာစီမံချက်ဆုနှင့် အာဆီယံအကောင်းဆုံး အင်ဂျင်နီယာဆုရရှိခဲ့သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အာဆီယံ အကောင်းဆုံး အင်ဂျင်နီယာဆုရရှိသူ ဗိုလ်မှူး ပြည့်ဖြိုးမောင်အနေဖြင့် နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲများတွင် ဆုများရရှိခဲ့မှု၊ ကမ္ဘာ့အဆင့် နည်းပညာဆိုင်ရာ ပြိုင်ပွဲများဖြစ်သည့် Composite World Cup ပြိုင်ပွဲကြီးများတွင် ဆုများဆွတ်ခူးနိုင်ခဲ့မှု၊ ကမ္ဘာ့အကြီးဆုံးထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးအတွက် ခေတ်မီနည်းပညာနှင့် သမားရိုးကျနည်းပညာတို့ ပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံတွင် လှူပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရှေးဟောင်းဘုရားများ၊ စေတီတော်ကြီးများနှင့် အဆောက်အအုံများအား Composite နည်းပညာဖြင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုတို့အတွက် ASEAN Federation of Engineering Organization (AFEO) က ASEAN Outstanding Engineering Achievement Award (Individual Category)ကို ချီးမြှင့်ပေးရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်က အဆိုပြုလွှာ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဗီယက်နမ်နိုင်ငံ Da Nang မြို့၌ ကျင်းပသည့် AFEO Midterm အစည်းအဝေးတွင် စိစစ်သုံးသပ်၍ Governing Board Meeting သို့ ဆက်လက်အတည်ပြုချက်တောင်းခံပြီး အဆိုပါဆုကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

| ၃၁ - ၁၀ - ၂၀၂၅ | ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် | | | ဘီလီယံ- စုစည်းသည် |
|---|---|---|---|---|
| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
| FMI | ၈၅၀၀ | ၈၅၀၀ | ၂ | ၁၇၀၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၂၇ | ၉၄၅၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၃ | ၂၃၄၀၀ |
| FPB | ၂၂၀၀ | ၂၃၀၀ | ၁၄၂၀ | ၃၁၇၄၂၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၅၂၁ | ၁၄၈၄၈၅၀ |
| EFR | ၁၈၀၀ | ၁၇၅၀ | ၄၆၂ | ၈၀၉၀၀၀ |
| AMATA | ၃၅၀၀ | ၃၅၀၀ | ၃၁ | ၁၀၈၂၀၀ |
| MAEX | ၃၂၅၀ | ၃၂၀၀ | ၄၃၁ | ၁၃၇၉၉၅၀ |

❍ *ကျော့ဖုံးမှ*

မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့်မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

---

❂ *ကျော့ဖုံးမှ*

အခက်တွေ့ခဲ့ရသည်။ နာမည်ကြီး လာဇီယိုအသင်းက ခြေစွမ်းကောင်းအချို့ပြသနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိပေ။ ပီဆာအသင်းသည် ယခုပွဲစဉ်သရေကျခဲ့သည့်အတွက် စီးရီးအေ ပထမဆုံးနိုင်ပွဲရရှိမှုနှင့် ဆက်လက်ဝေးကွာခဲ့သည်။ ထို့ပြင် ပီဆာအသင်းသည် တန်းဆင်းဇုန်ဖိအားမှ လွတ်မြောက်ရန် လာမည့်ပွဲစဉ်များတွင် ရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရမည် ဖြစ်သည် ။ ပြိုင်ဘက်လာဇီယိုအသင်းက ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် စီးရီးအေ ကိုးပွဲကစားပြီး သုံးပွဲနိုင် သုံးပွဲသရေနှင့် သုံးပွဲရှုံးရလဒ် ရရှိထားသည်။ အခြားပွဲစဉ်တွင် ဆက်ဆူအိုလိုက ကတ်ကလီယာယီကို အကြိတ်အနယ်ကစားကာ နှစ်ဂိုး- တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **အောင်ဇော်**

# ပိုမိုအားကောင်းသော စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရှာဖွေရန် အေပက်အစည်းအဝေးကျင်းပ

ဆိုးလ် အောက်တိုဘာ ၃၁

**ပိုမိုအားကောင်းသော စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရှာဖွေရန်နှင့် ရေရှည်တည်တံ့သော အနာဂတ်ကို ဦးတည်သည့်လမ်းကြောင်းကို မျှဝေသွားရန် (၂၁)ကြိမ်မြောက် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်) စီးပွားရေးခေါင်းဆောင်များအစည်းအဝေးကို အောက်တိုဘာ ၃၁ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဂျုံဂျူး၌ ကျင်းပခဲ့သည်။**




အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က ကမ္ဘာကြီး အဓိက အပြောင်းအလဲကာလတွင် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းရန်နှင့် ပိုမိုစည်းလုံးညီညွတ်ရန်လိုအပ်သည်ဟုဆိုကာ တိုက်တွန်းခဲ့သည်။

လွတ်လပ်သော ကုန်သွယ်မှုအမိန့်ကြေညာချက်သည် သိသိသာသာ အပြောင်းအလဲများ ကြုံတွေ့နေရချိန်တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမသေချာမှုသည်လည်း ပိုမိုနက်ရှိုင်းလာခဲ့ပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုသည် အရှိန်အဟုန်ဖြင့် ဆုံးရှုံးနိုင်ခြေများနှင့် ရင်ဆိုင်လျက်ရှိသည်ဟု လီက မှတ်ချက်ပြုပြောကြားခဲ့သည်။

ဉာဏ်ရည်တုနည်းပညာကိုယ်စားပြု နည်းပညာတော်လှန်ရေးသည် မမျှော်မှန်းနိုင်သော ပဋိပက္ခအကျပ်အတည်းကို ဖြစ်ပေါ်စေပြီး တစ်ချိန်တည်းမှာပင် မမျှော်မှန်းနိုင်သော အခွင့်အလမ်းများကိုလည်း ပေါ်ပေါက်စေသည်ဟု လီက ဆက်လက်ပြောကြားသည်။ ပြည့်စုံကြွယ်ဝသည့် ရည်မှန်းချက်ပန်းတိုင်ကို အတူတကွဝေမျှကြပါစို့ဟု လီက အလေးအနက်တိုက်တွန်းပြောကြားခဲ့သည်။

၁၉၈၉ ခုနှစ်က စတင်တည်ထောင်ခဲ့သော အေပက်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တက်ကြွသော အင်ဂျင်တစ်ခုဖြစ်လာပြီး အာရှ-ပစိဖိတ်၏အရေးအကြီးဆုံး ဒေသတွင်း အစည်းအဝေးတစ်ခုဖြစ်လာခဲ့သည်။

ဆင်ဟွာ

# ဗြိတိန်တော်ဝင်မင်းသား အန်ဒရူး မင်းသားဘွဲ့ရုပ်သိမ်းခံရပြီး ဝင်ဆာရဲတိုက်မှ ဖယ်ရှားခံရမည်

**လန်ဒန် အောက်တိုဘာ ၃၁**

ဗြိတိန် တော်ဝင်မင်းသား အန်ဒရူးသည် ၎င်း၏မင်းသားဘွဲ့ ရုပ်သိမ်းခံရပြီး ဝင်ဆာရဲတိုက်ဝင်းရှိ တော်ဝင်အိမ်ရာမှ ဖယ်ရှားခံရမည်ဟု ဘာကင်ဟမ်နန်းတော်က အောက်တိုဘာ ၃၀ ရက်တွင် ကြေညာခဲ့သည်။ ဗြိတိန်ချားလ်ဘုရင်က မင်းသားအန်ဒရူး၏ ဘွဲ့ထူးဂုဏ်ထူးဆိုင်ရာ ဘွဲ့တံဆိပ်များကို ရုပ်သိမ်းရန် တရားဝင်လုပ်ငန်းစဉ်ကို စတင်လိုက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။



မင်းသားအန်ဒရူးကို ယခုအခါ အန်ဒရူးမောင့်ဘက်တန် ဝင်ဆာဟု ခေါ်ဝေါ်ရမည်ဖြစ်ပြီး ဝင်ဆာနန်းတော်မှ အခြားပုဂ္ဂလိကနေအိမ်သို့ ပြောင်းရွှေ့ရမည်ဟု ကြေညာချက်တွင်ဖော်ပြထားသည်။ အရွယ်မရောက်သေးသူများအား လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားလုပ်မှုအပါအဝင် စွဲချက်များဖြင့် တရားစွဲဆိုခံရပြီး ထောင်အတွင်းသေဆုံးခဲ့သည့် အမေရိကန်ငွေကြေးလုပ်ငန်းရှင် ဂျက်ဖရီအက်ပ်စတိန်းနှင့် မင်းသားအန်ဒရူးသည် နီးကပ်သည့်ဆက်ဆံရေးရှိသည်ဟု စွပ်စွဲခံထားရသည်။

အန်ဒရူးသည် အသက်မပြည့်သေးသည့် မိန်းကလေးတစ်ဦးနှင့် ဆက်ဆံခဲ့သည်ဟု စွပ်စွဲခံထားရသည်။ ၎င်းအပေါ်စွပ်စွဲမှုများကို ငြင်းဆိုခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ၎င်း၏တော်ဝင်လုပ်ငန်းတာဝန်များကို စွန့်လွှတ်ခဲ့သည်။ ယခုလအစောပိုင်းကလည်း ယော့ခ်မြို့စားဘွဲ့ကို အသုံးပြုခြင်းမရှိတော့ဟု ကြေညာခဲ့သည်။

သို့သော်လည်း ဝေဖန်မှုများမှာ ဆက်လက်မြင့်တက်ခဲ့သည်။ အန်ဒရူးက ၎င်းအပေါ်စွပ်စွဲချက်များကို ငြင်းဆိုထားသော်လည်း ယခုကဲ့သို့ပြုလုပ်ခြင်းမှာ လိုအပ်သည်ဟုယူဆကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ ဗြိတိန်မီဒီယာများ၏ဖော်ပြချက်အရ မင်းသားအန်ဒရူးသည် ဘုရင်၏ပုဂ္ဂလိကရန်ပုံငွေဖြင့် ထောက်ပံ့ပေးသော အိမ်တစ်လုံးသို့ ပြောင်းရွှေ့ရမည်ဖြစ်ပြီး ၎င်း၏ဘွဲ့များကိုရုပ်သိမ်းရန် ချားလ်ဘုရင်၏ ဆုံးဖြတ်ချက်ကိုကန့်ကွက်ခဲ့ခြင်းမရှိဟု သိရသည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

# အီရတ်နှင့် ဂရိနိုင်ငံတို့ လေကြောင်း တိုက်ရိုက်ပြေးဆွဲမှုပြန်လည်စတင်မည်

**ဘဂ္ဂဒက် အောက်တိုဘာ ၃၁**

အီရတ်နှင့် ဂရိနိုင်ငံတို့သည် အေသင်မြို့နှင့် ဘဂ္ဂဒက်မြို့သို့ တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲမှုကို ဒီဇင်ဘာလတွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၃၀ ရက်က ကြေညာခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံစီးပွားရေးဆောင်ရွက်မှုများကို ချဲ့ထွင်ရန်လည်း ကတိပြုခဲ့ကြသည်။

အီရတ်နိုင်ငံခြားရေးဝန်ကြီး ဖူအက်ဒ်ဟူစိန်နှင့် ဂရိနိုင်ငံခြားရေးဝန်ကြီး ဂျော့ဂျီရာပက်ထရိုက်တစ်တို့ တွေ့ဆုံစဉ်အတွင်း ယခုလိုကြေညာချက်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ဆွေးနွေးခဲ့ကြသည်ဟုလည်း အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ ဒီဇင်ဘာလမှစတင်၍ ဂရိလေကြောင်းများသည် အီရတ်နိုင်ငံသို့ ပြေးဆွဲမှုများ ပြန်လည်စတင်မည်ဟု ဂရိနိုင်ငံခြားရေးဝန်ကြီးက အတည်ပြုပြောကြားခဲ့သည်။

ကုန်သွယ်ရေး၊ ပညာရေးနှင့် ဆေးဘက်ဆိုင်ရာ ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ကြသည်။ ဂရိကုမ္ပဏီများသည် ဆေးဝါးများနှင့် ဆေးပစ္စည်းများကို ထောက်ပံ့ရေးတွင် စိတ်ပါဝင်စားကြောင်း ဖော်ပြခဲ့ကြသည်။ ၎င်းတို့နှစ်ဦးသည် ဂါဇာအခြေအနေနှင့် အခြားသောဒေသတွင်း ကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။ အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံကို ကျူးကျော်မှုပြုလုပ်ခဲ့သည့် ၁၉၉၁ ခုနှစ်တွင် ဂရိနိုင်ငံက ဘဂ္ဂဒက်မြို့သို့ လေကြောင်းလိုင်းပြေးဆွဲမှုများ ရပ်နားခဲ့သည်။

ဆင်ဟွာ

# ဗီယက်နမ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ် အလုံး ၂၂၁၀၀ ကျော် ရေနစ်မြုပ် မွေးမြူရေးတိရစ္ဆာန် ကောင်ရေ ၁၇၇၀၀ ကျော် သေဆုံး

**ဟနွိုင်း အောက်တိုဘာ ၃၁**



ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ပြည်နယ်အများအပြားတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုကြောင့် လူ ၂၈ ဦး သေဆုံးကာ ခြောက်ဦးပျောက်ဆုံးနေကြောင်း၊ ၄၃ ဦးလည်း ထိခိုက်ဒဏ်ရာရရှိကြောင်း သဘာဝဘေးအန္တရာယ်နှင့် တာတမံစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က အောက်တိုဘာ ၃၁ ရက်တွင် ထုတ်ပြန်ထားသည်။

နေအိမ်အလုံး ၂၂၁၀၀ ကျော် ရေနစ်မြုပ်သွားပြီး အခြားနေအိမ် ၉၁လုံးမှာပြိုကျမျောပါသွားကြောင်း၊ နေအိမ် ၁၈၁ လုံးခန့် ပျက်စီးသွားကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ရေကြီးမှုကြောင့် ဆန်စပါးနှင့် အခြားသီးနှံ ဟက်တာ ၄၉၀၀ ခန့် ရေနစ်မြုပ်သွားခဲ့ကာ သစ်သီးပင် ဟက်တာ ၇၉၀ ဝန်းကျင် ပျက်စီးပြီး မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၁၇၇၀၀ ကျော် သေဆုံးခဲ့ကြောင်း၊ ပြည်နယ်နှင့် မြို့လေးခုတို့၌ အိမ်ထောင်စု ၂၄၅၀၀၀ ကျော် လျှပ်စစ်မီး ပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

# ပါပူအာ နယူးဂီနီနိုင်ငံ၌ မြေပြိုမှုဖြစ်ပွားသဖြင့် ၁၁ ဦးထက်မနည်းသေဆုံး

**ပို့စ်မော်ရက်စ်ဘီ အောက်တိုဘာ ၃၁**

ပါပူအာနယူးဂီနီနိုင်ငံ(ပီအင်န်ဂျီ)၏ အန်ဂါပြည်နယ် ကျေးရွာတစ်ခု၌ အောက်တိုဘာ ၃၁ ရက် နံနက်အစောပိုင်းက မြေပြိုမှုဖြစ်ပွားပြီးနောက် သေဆုံးသူ ၁၁ ဦးကို ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။ အောက်တိုဘာ ၃၁ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်က နိုင်ငံ၏မြို့တော် ပို့စ်မော်ရက်စ်ဘီ၏ အနောက်မြောက်ဘက်၅၅၀ ကီလိုမီတာကျော်အကွာ ကူကက်စ်ကျေးရွာ၌ မြေပြိုမှုဖြစ်ပွားခြင်းကြောင့် နေအိမ်သုံးလုံး မြေမြုပ်သွားရာ လူ ၂၀ ကျော် ပျောက်ဆုံးနေကြောင်း သိရသည်။

သေဆုံးသူများကို ရှာဖွေရန်နှင့် အသက်ရှင်ကျန်ရစ်သူများကို အရေးပေါ်အကူအညီများပေးအပ်ရန် ဒေသဆိုင်ရာအစိုးရက ဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့ကို အခင်းဖြစ်ပွားရာနေရာသို့ စေလွှတ်ခဲ့ကြောင်း အန်ဂါပြည်နယ်အုပ်ချုပ်ရေးမှူး ပီတာအိုင်ပါတစ်က ပြောကြားသည်။ ပါပူအာနယူးဂီနီနိုင်ငံ အဆိုပါကျေးရွာ၌ ၂၀၂၄ ခုနှစ် မေလအတွင်းကလည်း အလားတူမြေပြိုမှုဖြစ်ပွားသဖြင့် လူပေါင်း ရာနှင့်ချီ သေဆုံးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၃၁**

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြို့ ကုသိနာရုံမြန်မာကျောင်းတိုက် ဦးစီးပဓာနနာယက အိန္ဒိယနိုင်ငံပရဒေသီသံဃနာယက အဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၂၀၂၅ခုနှစ် အောက်တိုဘာ ၃၁ ရက်(သောကြာနေ့)၊ အိန္ဒိယစံတော်ချိန် နံနက် ၄ နာရီ မိနစ် ၅၀ အချိန်တွင် ယူပီပြည်နယ်မြို့တော် Lucknow ရှိ Medanta ဆေးရုံကြီးတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၃၁**

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းတို့အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲကိုပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် အောက်တိုဘာ ၂၇ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(အငြိမ်းစား)၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ သွားရောက်တွေ့ဆုံသည်။




ဦးစွာ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်းရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား) က အမှာစကား ပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် နယ်မြေတာဝန်ခံဗဟိုအမှုဆောင်အဖွဲ့ဝင် တစ်ဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နှင့် ခိုလမ်မြို့တို့ရှိ တပ်မတော်ဆေးရုံများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြို့ ကုသိနာရုံ မြန်မာကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ထေရုပ္ပတ္တိ



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာ ခမည်းတော် ဦးမောင်ကျော်သူ+မယ်တော် ဒေါ်ဝင်းမြဦးတို့မှ ၁၂၉၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ ၁၉၃၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၀ ပြည့်နှစ် တန်ခူးလဆန်း ၁၅ ရက်နေ့တွင် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာ ဓမ္မရက္ခိတကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၁၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့တွင် ရန်ကုန်မြို့ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဓမ္မရက္ခိတကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်မြို့နေ ဦးချိန်တင်+ဒေါ်ငွေကျင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**စာပေပရိယတ္တိ သင်ကြားဆည်းပူးခြင်း**

ဆရာတော်လောင်းလျာသည် မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာ ဓမ္မရက္ခိတကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ၊ စစ်တွေမြို့ စစ်ကဲတော်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တ နာဂဝံသ၊ ရန်ကုန်မြို့ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ စသည့်ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပါသည်။ ဆရာတော်သည် အစိုးရ ပထမပြန်စာမေးပွဲတွင် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပြီး B.A. (သမိုင်း) ဘွဲ့ကို ၁၉၇၃ ခုနှစ်၊ M.A.(သမိုင်း) ဘွဲ့ကို ၁၉၇၅ ခုနှစ်၊ M.A. (ပါဠိ) ဘွဲ့ကို ၁၉၇၇ ခုနှစ်၊ LLB ဘွဲ့ကို ၁၉၈၃ ခုနှစ်၊ Ph.D (အိန္ဒိယ) ဘွဲ့ကို ၁၉၈၆ ခုနှစ်တွင် အောင်မြင်တော်မူခဲ့ပါသည်။

**စာပေကျမ်းဂန် သင်ကြားပို့ချရေးသားတော်မူခြင်း**

ဆရာတော်သည် အိန္ဒိယနိုင်ငံ ကုသိနာရုံ မြန်မာကျောင်းတိုက်၌ စာသင်သားရဟန်း၊ သာမဏေတို့အား နေ့ဝါ၊ ညဝါ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူခဲ့ပါသည်။ ထို့ပြင်

(က) ဓမ္မပဒ (ဟိန္ဒီ၊ အင်္ဂလိပ်)

(ခ) ကထိန်အကြောင်း သိကောင်းစရာ (နေပါလီ)

(ဂ) မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများ (၁)

(ဃ) မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများ (၂)

(င) ကိုရီးယားနိုင်ငံ သာသနာပြုအတွေ့အကြုံ စသည့်ကျမ်းတို့ကို ရေးသားပြုစုခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ စတင်ဖွဲ့စည်းစဉ်ကပင် ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းသည့် ပရဒေသီသံဃနာယကအဖွဲ့၏ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ ကုသိနာရုံဘုရားဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်အဖြစ် လည်းကောင်း၊ ၁၉၈၈ ခုနှစ်မှစ၍ ကမ္ဘာ့ဗုဒ္ဓဘာသာအသင်းကြီးတွင် အမြဲတမ်းအဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံ ယူပီပြည်နယ်တွင် ဘုရားကျောင်း၊ စာသင်ခန်းမများစွာတို့ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ဗုဒ္ဓဘာသာနှင့်ဆိုင်သော နိုင်ငံတကာ အစည်းအဝေးများကိုလည်း တက်ရောက်ခဲ့ပါသည်။ ဗုဒ္ဓယဉ်ကျေးမှုစာပေများကို နှစ်စဉ် သင်တန်းသား/သူများအား ပို့ချသင်ကြားပေးခြင်း၊ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာများ ကျင်းပပေးခြင်း၊ ဘာသာရေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပ ပရဟိတလုပ်ငန်းများစွာတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသာသနာတော်အကျိုးကို ထက်သန်သောဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော၊ သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာ နာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရကို ၁၉၉၃ ခုနှစ် (၁၃၅၄ ခုနှစ်) တွင် **အဂ္ဂမဟာပဏ္ဍိတဘွဲ့**ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ် (၁၃၆၆ ခုနှစ်) တွင် **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့**ကို လည်းကောင်း၊ ၂၀၁၆ ခုနှစ် (၁၃၇၇ ခုနှစ်)တွင် **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့**ကို လည်းကောင်း၊ ၂၀၂၁ ခုနှစ် (၁၃၈၂ ခုနှစ်) တွင် **အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့**ကို လည်းကောင်း နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါ အရ ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၃၁-၁၀-၂၀၂၅ ရက် (သောကြာနေ့)၊ အိန္ဒိယစံတော်ချိန် နံနက် ၄ နာရီ ၅၀ မိနစ်အချိန်တွင် ယူပီပြည်နယ်မြို့တော် Lucknow ရှိ Medanta ဆေးရုံကြီးတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃၁

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးစိုင်းငွေအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



မောဝ်ဆွန်းခါ၊ ကွန်းမိန်း၊ ကွန်းမန် တောင်းလုံး တောင်းလမ်း အွန်နီး ကျင်းဝှမ်း ခွန်ယောင် မောင်ဆွန်းခါဆီး ကောခါ ယွမ်းဆုခါအော။

မင်္ဂလာပါ။ ပြည်သူပြည်သားများ အားလုံး နေကောင်းကျန်းမာပြီး စီးပွားရေး တိုးတက်ပါစေကြောင်း ကျွန်တော် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေး ပါတီ ဥက္ကဋ္ဌ ဦးစိုင်းငွေအောင် ဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျာ**

ကျွန်တော်တို့ပါတီအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးများအကြား ဖိနှိပ်ချုပ်ချယ်မှုကင်းရှင်းပြီး တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားတို့ လွှမ်းခြုံလျက် အချင်းချင်းချစ်ကြည်ရင်းနှီးစွာဖြင့် လူမျိုးအသီးသီး၏ ဘာသာအယူဝါဒ ဓလေ့ထုံးတမ်းယဉ်ကျေးမှုတို့ကို အပြန်အလှန် လေးစားတန်ဖိုးထားကြမှသာလျှင် စည်းလုံးညီညွတ်၍ အစွန့်ရှည် တည်တံ့ခိုင်မြဲသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ထောင်နိုင်မည်ဟု အလေးအနက် ယုံကြည်ချက်ထားရှိသည်နှင့်အညီ ပါတီစတင်တည်ထောင်သည်မှ ယနေ့အချိန်ထိ ယုံကြည်ချက်ကို ခိုင်ခိုင်မာမာစွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားပြီး လုပ်ကိုင်ဆောင်ရွက်နေပါတယ်။

မျိုးဆက်သစ်လူငယ်လူရွယ်များကို အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာကြစေရန်နှင့် နိုင်ငံတည်ဆောက်ရေးတွင် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လာနိုင်ရေးတို့ကိုလည်း အလေးထားပြီး ဆောင်ရွက်ပေးနေပါတယ်။ ပုခက်လွှဲသော လက်သည် ကမ္ဘာကြီးကို လွှမ်းမိုးနိုင်ရမည်ဟူသော ဆောင်ပုဒ်အတိုင်း အမျိုးသမီးများ မြန်မာ့နိုင်ငံရေးတွင် ပိုမိုပါဝင်လာနိုင်ရေး အတွက်လည်း လုပ်ငန်းစဉ်တစ်ရပ်ချမှတ်ပြီး ဆောင်ရွက်နေပါတယ်။

ယခုကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ကျွန်တော်တို့ ပါတီအနေနှင့် ရှေ့လုပ်ငန်းစဉ် (၄) ရပ် ချမှတ်ထားပြီး ပြည်သူလူထုကောင်းကျိုးကို ရှေးရှုကာ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်သွားမယ်လို့ လေးနက်တည်ကြည်စွာဖြင့် ပြည်သူလူထုကြီးအား ပြောကြားလိုပါတယ်။

**လုပ်ငန်းစဉ်(၁) ငြိမ်းချမ်းရေး**

မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျာ

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်ပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့ဆိုရင် အမုန်းတရားတွေကို ဖယ်ရှား၊ အတိတ်က ဖြစ်ပျက်ခဲ့သည်များကို သင်ခန်းစာယူ အနာဂတ်မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန် ရည်သန်ပြီး ပစ္စုပ္ပန်ကာလတွင် နိုင်ငံချစ်စိတ်အပြည့်ဖြင့် သဘောထားကြီးစွာ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုရင် ငြိမ်းချမ်းရေးကို ဧကန်မုချ ရရမည်ဟု ကျွန်တော်တို့ ပါတီအနေနဲ့ ယုံကြည်ထားပါတယ်။

ပင်လုံစာချုပ်နဲ့အတူ ဖြစ်ပေါ်လာတဲ့ တိုင်းရင်းသားပြဿနာ၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခကြောင့် အမုန်းတရားတွေနဲ့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သတ်ဖြတ်လာခဲ့ကြတာ နှစ်ပေါင်း (၇၀) ကျော်ခဲ့ပါပြီ။ ပြည်သူတွေရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေလည်း ပျက်စီးခဲ့ရတာ များလှပါပြီ။

စစ်တိုက်ဖို့အတွက် လက်နက်ခဲယမ်းတွေ ဝယ်နိုင်ဖို့ ငွေရလွယ်တဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းတွေလုပ်၊ မြေပေါ်မြေအောက် သယံဇာတတွေကိုလည်း မှောင်ခိုဈေးနဲ့ရောင်း၊ အဲဒီလိုနဲ့ ကျွန်တော်တို့ ချစ်မြတ်နိုးခဲ့ရတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံကြီးဟာ နိုင်ငံတကာမှာ ဂုဏ်တင့်ရမယ့်အစား ဂုဏ်ငယ်ခဲ့ရပါပြီ။ မည်သည့်အဖွဲ့က နိုင်သည်ဖြစ်စေ ဒုက္ခရောက်ကြရသူတွေက ပြည်သူတွေပါ။ ပြည်သူတွေလည်း ဒုက္ခရောက်လှပါပြီ။ နိုင်ငံတော်နဲ့ ပြည်သူတွေကို အမှန်တကယ် ချစ်မြတ်နိုးတယ်ဆိုရင်ဖြင့် တိုက်ပွဲတွေရပ်ပြီး စားပွဲဝိုင်းပေါ်မှာ စကားပြောကြပါစို့လို့ နိုင်ငံတော်ကို လက်နက်ကိုင် တိုက်ခိုက်နေကြသော အဖွဲ့အစည်းများအားလုံးကို မေတ္တာရပ်ခံပါတယ်။

ကျွန်တော်တို့တစ်တွေဟာ ဒီနိုင်ငံမှာ မွေးဖွားခဲ့ကြတဲ့ ညီအစ်ကိုတွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ရဲ့ မိဘပြည်သူတွေဟာ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်းကို အထူးလိုလား တောင့်တနေကြပါပြီ။ တိုက်ပွဲအတွက် ကုန်ကျမည့်စရိတ်များကို နိုင်ငံတော်အတွက် လိုအပ်သည့်နေရာများမှာ သုံးစွဲပြီး မိဘပြည်သူများကို ကျေးဇူးဆပ်ကြရအောင်။ ပြည်သူ့ဆန္ဒနှင့်အညီ ကျွန်တော်တို့ သွေးချင်းညီအစ်ကိုတွေ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို စုပေါင်းညီညာစွာ တည်ဆောက်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကမ္ဘာ့နိုင်ငံများကို လေ့လာကြည့်ရာတွင်လည်း စစ်မက်ဖြစ်ပွားသော နိုင်ငံများသည် အသက်၊ အိုးအိမ်များ သေကျေပျက်စီးကြရပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည်ကို တွေ့ရှိရပါတယ်။ စစ်ပွဲဖြစ်ပွား၍ နိုင်ငံဖွံ့ဖြိုးတိုးတက်သွားသည်ကို မတွေ့ရှိရပါ။ သာဓကအနေနဲ့ ယခင်က ပြည်တွင်းစစ်ကြီး ဖြစ်ခဲ့ကြတဲ့ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့ဟာ ယခုအခါတွင် ငြိမ်းချမ်းရေးရရှိပြီးနောက် ပြည်သူများ ကောင်းမွန်စွာ နေထိုင်လုပ်ကိုင်နိုင်ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့သည်လည်း နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အကျိုးကိုရှေးရှုပြီး နိုင်ငံရေးပြဿနာကို လက်နက်နဲ့ ဖြေရှင်းခြင်းထက် စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံဆွေးနွေး အဖြေရှာရင်း ငြိမ်းချမ်းရေးကြီး ရရှိသည်အထိ ဆောင်ရွက်သွားကြပါစို့လို့ ထပ်လောင်းတိုက်တွန်း ပြောကြားလိုက်ပါတယ်။

**လုပ်ငန်းစဉ်(၂) ရှမ်းနီလူမျိုးအမည်မှန်ရရှိရေး**

မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျာ

ရှမ်းနီတိုင်းရင်းသားများသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ကျော်ကတည်းက ပြည်ထောင်စုမြန်မာနိုင်ငံနယ်နိမိတ်အတွင်း၌ မြို့ပြပြည်ရွာများ တည်ထောင်ပြီး နေထိုင်လာခဲ့ကြသည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရပါတယ်။ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ ဖြစ်တည်လာသည့် သမိုင်းကြောင်း တူညီကြပါလျက် လူမျိုးအမည်ကို အမျိုးမျိုး ခေါ်တွင်ခဲ့ကြသဖြင့် တိမ်ကောပပျောက်လုနီးပါး ဖြစ်နေပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင်လည်း ရှမ်းနီ၊ ရှမ်းဗမာ၊ ရှမ်းကလေး၊ မြေလတ်ရှမ်း ဟူ၍လည်းကောင်း၊ ရှမ်းဘာသာဖြင့် ဒေသအလိုက် တိုင်းနိုင်း၊ တိုင်းဒိုင်း၊ တိုင်းလျန်၊ တိုင်းလိုင်ဟု ခေါ်ဆိုကြပြီး မြန်မာဘာသာပြန်ဆိုသော် ရှမ်းနီဟု အဓိပ္ပာယ်ရပါတယ်။ ထို့ပြင် ချင်းတွင်းမြစ်နှင့် ဥရုမြစ်ဘေးဝဲယာ နေထိုင်သူများကို အနောက်မြစ်ရှမ်း၊ မီးရထား သံလမ်းဘေးဝဲယာ နေထိုင်သူများကို သံလမ်းရိုးရှမ်း၊ ဧရာဝတီမြစ်ဘေးဝဲယာ နေထိုင်သူများကို အရှေ့မြစ်ရှမ်းဟုလည်း ခေါ်ဆိုကြပါသေးတယ်။

လူမျိုးတစ်မျိုး၏ အမည်ကို အမျိုးမျိုးခေါ်ဆိုခဲ့သည့်အတွက် စာရင်းပြုစုရန် အခက်အခဲများဖြစ်ရပါတယ်။ သို့အတွက်ကြောင့် ရှမ်းနီအမျိုးသားရေး လှုပ်ရှားသူများ၊ ရဟန်းသံဃာများ စုပေါင်း၍ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉၊ ၂၀ ရက်နေ့တွင် ဟုမ္မလင်းမြို့၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇၊ ၂၈ ရက်နေ့တွင် မိုးညှင်းမြို့တို့၌ အစည်းအဝေး ပြုလုပ်ခဲ့ကြ၍ ၂၀၁၆ ခုနှစ် မတ်လ ၂၆၊ ၂၇ ရက်နေ့တွင် မန္တလေးမြို့၌ ရှမ်းနီအမျိုးသား ညီလာခံကြီးကို ကျင်းပခဲ့ကြပြီး အမည်အမျိုးမျိုးဖြင့် ခေါ်ဆိုနေကြတဲ့ မိမိတို့လူမျိုးအမည်ကို ရှမ်းနီဟု ခေါ်ဆိုကြရန် ညီလာခံတက်ရောက်လာကြသူအားလုံးက သဘောတူဆုံးဖြတ်ခဲ့ကြပါတယ်။

ရှမ်းနီအမျိုးသားညီလာခံကြီးရဲ့ ဆုံးဖြတ်ချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - ( ၂၁ ) ရာစု ပင်လုံသို့ ၂ - ၉ - ၂၀၁၆ ရက်နေ့တွင် ကျွန်တော်တို့ ပါတီအနေနဲ့ တင်သွင်းခဲ့ပါတယ်။ မြန်မာနိုင်ငံ၏ အရေးအရာကိစ္စများကို ပြည်ထောင်စုလွှတ်တော်ကြီးကသာ ဆုံးဖြတ်အတည်ပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းနီလူမျိုး အမည်မှန်ရရှိရေးအတွက် ကျွန်တော်တို့ ပါတီမှ ကိုယ်စားလှယ်လောင်းများ လွှတ်တော်အသီးသီးသို့ ရောက်ရှိနိုင်ရေး ရှမ်းနီလူမျိုးများအားလုံး အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။

**လုပ်ငန်းစဉ်(၃)တောင်သူလယ်သမားဘဝမြှင့်တင်ရေး**

မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျာ

၂၀၁၄ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၆၇ ရာခိုင်နှုန်း ကျော်သည် တောင်သူလယ်သမားများ ဖြစ်ကြတယ်လို့ သိရှိရပါတယ်။ ယင်းကိန်းဂဏန်းအရဆိုလျှင် တောင်သူလယ်သမားများ ချမ်းသာလာလျှင် နိုင်ငံတော်သည်လည်း တိုးတက်မြင့်မားလာနိုင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း တောင်သူလယ်သမား တစ်ဦးဖြစ်သည့်အတွက် ကိုယ်တိုင်ခံစားရပြီး ဘဝတူလယ်သမားများအကျိုးကို အစွမ်းကုန် ဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်။

ကုန်ဈေးနှုန်းကြီးမြင့်လာခြင်း၊ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်း၊ အလုပ်သမားခနှုန်းထားများ မြင့်တက်လာခြင်း၊ ထွက်ရှိလာသည့် ဆန်စပါးနှင့် ဝင်ငွေ၊ ထွက်ငွေမညီမျှမှုကြောင့် လယ်လုပ်ရင်း အရှုံးပေါ်လာနေကြသည်ကို တွေ့ရှိရပါတယ်။ တချို့တောင်သူများမှာ လယ်ယာလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်နိုင်တော့ဘဲ အခြားရရာအလုပ်များကို လုပ်ကိုင်နေကြရပါတယ်။

တိုက်ပွဲတွေကြောင့် စစ်ဘေးရှောင်ရ၍လည်းကောင်း၊ ကုန်ဈေးနှုန်းမညီမျှမှုများကြောင့်လည်းကောင်း လယ်ယာလုပ်ငန်းကို မလုပ်ကိုင်နိုင်ခြင်း၊ စပါးစိုက်ပျိုးနိုင်သော လယ်ယာမြေများတွင်လည်း မြေဩဇာအလုံအလောက် မသုံးစွဲနိုင်ခြင်းတို့ကြောင့် အရည်အသွေးပြည့်မီသော ဆန်စပါးထွက်ရှိမှုနည်းလာခြင်းများသည် နိုင်ငံတော်အတွက် များစွာနစ်နာသည်ဟု ခံယူမိပါတယ်။

ကျွန်တော်တို့ တောင်သူလယ်သမားများ၏ ဘဝကို ပြန်လည်မြှင့်တင်နိုင်ရေးအတွက် နည်းပညာပံ့ပိုးနိုင်ရေး၊ ဈေးကွက်ကောင်းများရရှိရေး၊ လုံလောက်သော နှစ်တိုနှစ်ရှည် ချေးငွေထုတ်ချေးပေးနိုင်ရေး စသည်ဖြင့် တောင်သူလယ်သမားတို့၏ လိုအပ်ချက်များကိုပံ့ပိုးရန် နိုင်ငံတော်က စီမံဆောင်ရွက်ပြီး တောင်သူလယ်သမားများကလည်း အရည်အသွေးပြည့်မီသော ဆန်စပါးနှင့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်နိုင်ပါတယ်။ သို့အတွက်ကြောင့် တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးကို ကျွန်တော်တို့ပါတီအနေနဲ့ အစွမ်းကုန် ကြိုးစား ဆောင်ရွက်သွားမယ်လို့ ထပ်လောင်း ပြောကြားလိုက်ပါတယ်။



**လုပ်ငန်းစဉ်(၄) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရေး**

မဲဆန္ဒရှင်မိဘပြည်သူများ ခင်ဗျာ

နိုင်ငံတစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံရဲ့အသက်လို့တောင် ပြောလို့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အားနည်းချက်ကြောင့် လက်နက်ကိုင်ပဋိပက္ခတွေ စတင်ဖြစ်ခဲ့ရတယ်လို့ သုံးသပ်တင်ပြချင်ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကလည်း တစ်ပါတီစနစ်ကို အခြေခံထားတဲ့အတွက် ကျွန်တော်တို့ နိုင်ငံနဲ့ အံဝင်ခွင်ကျမဖြစ်ခဲ့ပါဘူး။ ယခုကျွန်တော်တို့ ကျင့်သုံးနေကြတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံနဲ့ ကိုက်ညီမယ့် ဒီမိုကရေစီစနစ်ကို အခြေခံပြီး ရေးဆွဲထားတယ်လို့ ကျွန်တော့်အမြင်ကို တင်ပြပါရစေ။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြတ်သန်းနေရတဲ့ ခေတ်ကာလနှင့်အညီ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်နိုင်ရေးတို့ကို ဆောင်ရွက်နိုင်မှသာ ခေတ်မီအားကောင်းခိုင်မာသည့် ဖွဲ့စည်းပုံဖြစ်မယ်လို့ ယုံကြည်ပါတယ်။

ပြီးခဲ့သော လွှတ်တော်သက်တမ်းနှစ်ဆက်မှာ ဖွဲ့စည်းပုံပြင်ဆင်နိုင်ခဲ့တာ နည်းခဲ့ပေမယ့် ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(NSPNC) နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အား ပြင်ဆင်/ဖြည့်စွက်ရန် အချက်(၄၃)ချက်ကို သဘောတူညီထားသည့် မူကြမ်းအဖြစ် ရရှိထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံကို ပြင်ဆင်/ဖြည့်စွက်ရင်း မလိုအပ်တော့သည့် ပုဒ်မများကို ပယ်ဖျက်ရန်လည်း လိုအပ်ပါတယ်။ ဒီသဘောတူညီချက်ကို ကြည့်ခြင်းအားဖြင့် တပ်မတော်က ဖွဲ့စည်းပုံပြင်ဆင်ရေးမှာလည်း ကြိုးစားဆောင်ရွက်နေတယ်ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ တိုက်ပွဲတွေကြားမှာ ဒုက္ခရောက်ကြရသူတွေကတော့ ပြည်သူတွေပါ။ ပြည်သူ့ဒုက္ခဟာလည်း ကျွန်တော်တို့ရဲ့ ဒုက္ခပါပဲ။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ကြဖို့ဆိုရင် ရွေးကောက်ပွဲတွေမှာ ပြည်သူတွေ ဆန္ဒမဲပေးကြရပါမယ်။ ရွေးကောက်ပွဲတွေကနေ နိုင်ငံရေး အပြောင်းအလဲကို ဆောင်ရွက်သွားမယ်ဆိုရင် ပျက်စီးဆုံးရှုံးမှုမရှိဘဲ ပြည်သူတွေရဲ့ ဘဝ အေးချမ်းစွာနေထိုင်နိုင်မှာဖြစ်ပါတယ်။ ယခုကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ ပြည်သူများအနေနှင့် ကိုယ်ယုံကြည်အားကိုးရာ ပါတီတွေကို မဲထည့်ပေးကြပါလို့ ပြောကြားလိုပါတယ်။ ယခုရွေးကောက်ပွဲဟာ စနစ်တစ်ခုကို အကောင်းဆုံး ကူးပြောင်းနိုင်မယ့် ရွေးကောက်ပွဲကြီး ဖြစ်ပါတယ်။ ရှမ်းနီလူမျိုးများအနေနဲ့လည်း ကိုယ့်လူမျိုးပါတီကို မဲထည့်ပေးကြဖို့ ပြောကြားလိုပါတယ်။ ကိုယ့်လူမျိုးပါတီအနိုင်ရပြီး လွှတ်တော်ထဲရောက်မှသာ အခြားတိုင်းရင်းသားများနည်းတူ အခွင့်အလမ်းများကို လွှတ်တော်ကနေ တင်ပြနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီအနေနဲ့ကတော့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အကျိုးကိုကြည့်ပြီး အထက်မှာ တင်ပြခဲ့တဲ့ အချက် (၄) ချက်အပြင် နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း ထပ်လောင်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

ကျေးဇူးတင်ပါတယ် ခင်ဗျာ။

မဲဆန္ဒရှင်မိဘပြည်သူများ ဘေးဘယာဝေးကွာကြပါစေ။

**ပါတီ၏ သီချင်းစာသား**

**ရှမ်းနီ(ကျားနီ)ပါတီမဲထည့်မည်**

ကျားနီပါတီနိုင်ရမည်
ဟေ့..................ဟေ့...ရှမ်းနီမြေမှာ ကျားနီနိုင်ရမည်
ဟေ့........ဟေ့........ကျားနီပါတီ လွှတ်တော်အောင်ရမည်
ဒို့အမျိုး ရှမ်းနီ ဂုဏ်မငယ်ဖို့အတွက် ရှေ့ဆုံးက ရပ်တည်။ အနိမ့်မခံရဖို့ ဝိုင်းဝန်းကြ ဒို့ရှမ်းနီ ဟေ့.....................ဟေ့...ရှမ်းနီမြေမှာ ကျားနီနိုင်ရမည်
ဟေ့..................ဟေ့...ကျားနီပါတီ လွှတ်တော်အောင်ရမည်
ဒို့အမျိုး ရှမ်းနီ ဂုဏ်မငယ်ဖို့အတွက် ရှေ့ဆုံးက ရပ်တည်။ အနိမ့်မခံရဖို့ ဝိုင်းဝန်းကြ ဒို့ရှမ်းနီ ဟေ... ရွေးကောက်ပွဲကြီး ရောက်ရှိလာပြီလေ...
ရှမ်းနီလူမျိုးသွေးစည်းကြ. ကျားနီနိုင်မှ အခွင့်အရေးလှ ... ကျားနီကိုမဲထည့်မည်..
ဟေ့..........
ပြည်ထောင်စုသားတိုင်းရင်းသားတွေ.. တန်းတူအခွင့်အရေး ရရှိစေဖို့ရည်
ရှမ်းနီလူမျိုးသွေးစည်းကြ..ကျားနီနိုင်မှ အခွင့်အရေးလှ ..
....
ကျားနီကိုမဲထည့်မည်...
ကျားနီပါတီ....နိုင်ရမည်
ကျားနီပါတီ....နိုင်ရမည်
ကျားနီပါတီ...နိုင်ရမည်

## ဒက္ခိဏသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် ယမန်နေ့က ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ရန်အောင်မြင်တောရ (မြို့တော်ဝန်) ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ခေမာနန္ဒထံသို့ သွားရောက်ဖူးမြော်၍ သင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ချိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၆၇၁) AAE ကွင်း၌ ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး မြေပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှု အားပေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်က မြောက်ကျောင်းစုကျေးရွာ (SMU) ခန်းမ၌ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့များ၊ တောင်သူများနှင့် တွေ့ဆုံ၍ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ သီးနှံစုံပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ ဆောင်းနေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်၍ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ရန်နှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး (၅၄) ကြိမ်မြောက် မသိုးသင်္ကန်း ကပ်လှူပွဲနှင့် တန်ဆောင်တိုင်မီးပူဇော်ပွဲ ကျင်းပမည်

**ဇလွန် အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးတွင် (၅၄)ကြိမ်မြောက် မသိုးသင်္ကန်းတော်မြတ် ကပ်လှူပူဇော်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့မှ လပြည့်ကျော် (၁) ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ညတွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပမည်ဖြစ်ပြီး မသိုးသင်္ကန်းတော်မြတ်အား တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၄ နာရီတွင် ဘုရားကြီးအား ဆက်ကပ်ပူဇော်မည်ဖြစ်ပြီး တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့မှ လပြည့်ကျော် (၁) ရက်နေ့အထိ လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးပူဇော်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ မီးပုံးပျံများ လွှတ်တင်ခြင်းများဖြင့် ကျင်းပမည်ဖြစ်သည်။ **ဝေယံ(ပြန်/ဆက်)**

## တံတားဦးမြို့နယ်၌ ပြည်တွင်းပို့ကုန်သီးနှံများ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

**တံတားဦး အောက်တိုဘာ ၃၁**

တံတားဦးမြို့နယ်၌ ပြည်ပပို့ကုန်သီးနှံများ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက တံတားဦးမြို့ စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်က ပြည်တွင်းပို့ကုန်သီးနှံများ ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ယူရီးယား ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ဈေးနှုန်းသက်သာစွာ ရောင်းချနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

**ရဲတင့်(ပြန်/ဆက်)**



## ကျေးသီးမြို့၌ MEVM မဲပေးစက်ဖြင့် မဲပေးနည်းလက်ကမ်းစာစောင် ဖြန့်ဝေ

**ကျေးသီး အောက်တိုဘာ ၃၁**

ကျေးသီးမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး၊ မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့ ပူးပေါင်း၍ MEVM မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးရသည့် အကြောင်းအရာသိကောင်းစရာများကို ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ဝင်များအား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ သုံးမွှာပူးမွေးဖွားသည့် မိခင်နှင့် ကလေးများအတွက် ပံ့ပိုးငွေပေးအပ်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၃၁**

မော်လမြိုင်ကျွန်းမြို့နယ်၌ သုံးမွှာပူးမွေးဖွားသည့် မိခင်နှင့်ကလေးများအတွက် ပံ့ပိုးငွေပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် သုံးမွှာပူးကလေးများနှင့် မိခင်တို့အတွက် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာစန်းဝင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်သဇင်မတို့က ပံ့ပိုးငွေကျပ် ငါးသိန်း၊ ကလေးပစ္စည်းများ၊ ကလေးအားတိုးဆေးနှင့် လိုအပ်သည့်ဆေးဝါးများကို ပေးအပ်ခဲ့ပြီး ရာသက်ပန်အသင်းဝင်များအား ဂုဏ်ပြုလွှာကတ်နှင့် ရင်ထိုးတံဆိပ်တို့ကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင် ဒေါ်မေဖူးအောင်နှင့် အသင်းဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**



## ကျောင်းကုန်းမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ကျောင်းကုန်း အောက်တိုဘာ ၃၁**

ကျောင်းကုန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း မိုးစပါးစိုက်ဧက ၁၁၈၀၁၆ ဧကစိုက်ပျိုးလျက်ရှိရာ အောက်တိုဘာ ၂၉ ရက်က ကောက်ကြီးကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၃၆၂) တောင်သူ ဦးနေထက်အောင်၏ လယ်မြေ ငါးဧက၌ စံကွက်ရိတ်သိမ်းခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီ ဦးကိုကိုဦး၊ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြပြီး စုစုပေါင်း ပျမ်းမျှအထွက်တင်း အစို ၁၁၂ ဒသမ ၄၉ တင်း၊ အခြောက် ၁၀၁ ဒသမ ၂၄ တင်း ထွက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## နောင်ချိုမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံ

**နောင်ချို အောက်တိုဘာ ၃၁**

နောင်ချိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အောက်တိုဘာ ၂၉ ရက်တွင် အများပြည်သူစားသုံးမှု ဘေးကင်းလုံခြုံစေရေး အသားစစ်ဆေးခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါ စူးစမ်းထောက်လှမ်းခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်း ကွင်းဆင်းဆောင်ရွက်သည်။



နောင်ချိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်နှင့် အဖွဲ့ဝင်များသည် ကံကြီးကျေးရွာဈေးနှင့် တောင်ခမ်းကျေးရွာဈေးတို့ရှိ အမဲသားသတ်ခုံများ၊ ဝက်သားသတ်ခုံများသို့ သွားရောက်ကာ အများပြည်သူစားသုံးမှု ဘေးကင်းလုံခြုံစေရေးအတွက် ရောင်းချလျက်ရှိသည့် အသားများကို စစ်ဆေးပြီး ကံကြီး၊ လက်ပံကုန်း၊ ရှောက်ခြံ၊ နောင်တော၊ နောင်ဩကျေးရွာများသို့သွားရောက်ကာ တိရစ္ဆာန်ကူးစက်ရောဂါ စူးစမ်းထောက်လှမ်းခြင်းနှင့် ဒေသခံတောင်သူ ၅၁ ဦး၏ ကျွဲ၊ နွား ၃၄၄ ကောင်ကို လည်ချောင်းကွဲရောဂါ(HS) ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒေးဒရဲမြို့၌ နွေစပါး ပန်းတိုင်အထွက်နှုန်း တိုးတက်စေရေး Drum Seeder ပေးအပ်ပွဲ ကျင်းပ

**ဒေးဒရဲ အောက်တိုဘာ ၃၁**

ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စပါးမျိုးစေ့ချကိရိယာ (Drum Seeder) ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇင်မောင်မောင်က Drum Seeder များ ပေးအပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းဟောပြောပြီး မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ကျော်စိုးက ဆီထွက်သီးနှံနေကြာမျိုးစေ့နှင့် ကော်ဖီပျိုးပင်များ ကျေးရွာအုပ်စုအလိုက် ဖြန့်ဝေပေးသွားမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များက နွေစပါးများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ Drum Seeder များ ပေးအပ်ခဲ့သည်။ **အေဇာလင်း**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၃ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၈ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး (KK Park )နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၅၃ ဦးအား ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၈ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၇၄၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တား ဖျက်ဆီးလိုသည့် အနုပညာရှင်နှစ်ဦးအား ဥပဒေနှင့်အညီအရေးယူဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲအပေါ် နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားနိုင်မည့် အခြေအနေမှ ကာကွယ်တားဆီးနိုင်ရန် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပြဋ္ဌာန်းခဲ့ပြီး ဥပဒေလိုက်နာမှုမရှိသူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် **"ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ"** ရွေးကောက်ပွဲ အသိပညာပေးဇာတ်လမ်းနှင့် ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သော အနုပညာရှင်များအား ပြည်ပရောက် အကြမ်းဖက်အဖွဲ့အစည်းအားပေးထောက်ခံသူများနှင့် တရားခံပြေးများက လူမှုကွန်ရက် စာမျက်နှာမှတစ်ဆင့် မဟုတ်မမှန်ဝေဖန်ရေးသားသည့် အပေါ် ထောက်ခံခဲ့ကြသည့် **ဒါရိုက်တာသက်လွင်(ခ) ဇမ္ဗူထွန်းသက်လွင်**နှင့် **ဒါရိုက်တာအောင်ချမ်းလူ(ခ) အေးချမ်းအောင်** တို့အား ၎င်းတို့၏ နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။



သက်လွင်(ခ)
ဇမ္ဗူထွန်းသက်လွင်၊ ၆၂ နှစ်



သက်လွင်(ခ)ဇမ္ဗူထွန်းသက်လွင်မှ
Khit Thit Media Page ၌
Post တင်ထားမှုများအား
Love React ပေးခဲ့မှု မှတ်တမ်း။






အောင်ချမ်းလူ(ခ)
အေးချမ်းအောင်၊ ၄၀ နှစ်




အောင်ချမ်းလူ(ခ)အေးချမ်းအောင်၏
Facebook Account ၌
Post တင်ခဲ့မှု မှတ်တမ်း။




ဖမ်းဆီးရမိသူများအား စိစစ်ဖော်ထုတ်ချက်အရ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ တပ်မတော်မှ နိုင်ငံတော်တာဝန်ထမ်းဆောင်နေသည့်အပေါ် ထောက်ခံမှုမရှိခဲ့သည့်အပြင် မကြာမီကျင်းပရန်ရှိသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက်လည်း ၎င်းတို့တတ်ကျွမ်းသည့် အနုပညာကဏ္ဍမှ ပူးပေါင်းပါဝင်ခြင်းမရှိခဲ့ကြောင်း၊ ၎င်းအပြင် ရွေးကောက်ပွဲအောင်မြင်စေရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေသည့် အနုပညာရှင်များအား ပြည်ပရောက် အကြမ်းဖက်အဖွဲ့အစည်း ထောက်ခံသူများနှင့် တရားခံပြေးများက လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ဝေဖန်ရေးသားသည့်အပေါ် ထောက်ခံအားပေးခဲ့ကြကြောင်း စိစစ်တွေ့ရှိရသည်။

ထို့ပြင် ၎င်းတို့အနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ခေတ်သစ်မီဒီယာအပါအဝင် မီဒီယာအမည်ခံ အကြမ်းဖက်အားပေးပြည်ပသြဇာခံအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ လူမှုကွန်ရက်စာမျက်နှာများ၌ မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြချက်များကိုလည်း အစဉ်တစိုက် ထောက်ခံအားပေးလျက်ရှိသည်ကို စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ မီဒီယာအမည်ခံ အကြမ်းဖက်အားပေး ပြည်ပသြဇာခံအဖွဲ့အစည်းများနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပေါ် ပြည်သူလူထုမှ အထင်အမြင် လွဲမှားစေရန်အတွက် လှုံ့ဆော်ရေးသားသူများအား ထောက်ခံအားပေးခဲ့ကြသည့် သက်လွင်(ခ)ဇမ္ဗူထွန်းသက်လွင်နှင့် အောင်ချမ်းလူ(ခ) အေးချမ်းအောင်တို့ နှစ်ဦးအား ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေအပါအဝင် ပြစ်မှုဆိုင်ရာဥပဒေများဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို နှောင့်ယှက်ဟန့်တားလိုသူများအား မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



ကျိုက်မရောမြို့နယ် အ.ထ.က ၃ ၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၃၀ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်သောင်းဦးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောစဉ်။ ကျိုက်မရော (ပြန်/ဆက်)

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်ထူးချွန်ဝင်းနှင့်အဖွဲ့က အောက်တိုဘာ ၃၁ ရက်က ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ကျီစုစက်မှုဇုန်ရှိ City Mart Holding Co.,Ltd..(Warehouse) စက်ရုံမှ ဝန်ထမ်းများအား မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောပြီး မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသစဉ်။ ဖြိုးစန္ဒာ(ပြန်/ဆက်)





ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ မင်္ဂလာမွန်ဈေး၊ မင်္ဂလာဈေးသစ်ဈေး၊ ရွှေမင်္ဂလာဈေး၊ ရွှေပြည့်စုံဈေးများမှ ဈေးသူဈေးသားများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းစိန် ဦးဆောင်၍ အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောစဉ်။ ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော် ဘက်စုံ၊ မွမ်းမံပြုပြင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၃၁-၁၀-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၅၆၅။ | ဦးအောင်မိုးကျော်မိသားစုကောင်းမှု | ၂၀၀၀၀၀၀၀ |
| ၁၀၅၆၆။ | ကွယ်လွန်သူမိဘနှစ်ပါးနှင့် အစ်မတို့အားရည်စူး၍ ဦးဝင်းမြင့်အေး၊ (တူမ)မခင်စန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၁၀၅၆၇။ | နှစ်ဖက်သောမိဘအမှူးထား၍ ရဲမှူးကြီးလှမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်တင်တင်မြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၅၆၈။ | ဦးမျိုးမင်းမောင်နှင့်ဇနီး ဒေါ်နိုင်စုမွန်၊ (သမီး)မဆုလင်းထက်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၅၆၉။ | ကိုဟိန်းကိုကိုနှင့်ဇနီး မမိမိစိုးမင်း၊ (သမီး)မကေသရီဆုရည်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၅၇၀။ | ဒေါ်မြင့်မြင့်သန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၅၇၁။ | ဦးလှိုင်ဝင်းနှင့်ဇနီး ဒေါ်တင်တင်ကြိုင်၊ (သား)မောင်အောင်တေဇာမင်း၊ မောင်သက်ကျော်ဇင်အောင် (ခ)စစ်နိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၂။ | ဦးဝမ်းမောင်၊ (သမီး)မထက်ရတနာအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၃။ | ဦးစိုင်းအေးနှင့်ဇနီး ဒေါ်နန်းဟော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၄။ | ဦးကျော်စိုးလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၅။ | ဦးအောင်ကျော်ဦးနှင့်ဇနီး ဒေါ်ခင်သက်မာထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၆။ | ဦးမျိုးသန့်နှင့်ဇနီး ဒေါ်အေးမြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၇။ | ဦးအောင်ဝင်းနှင့်ဇနီး မမေဦးခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၈။ | ဦးစိုးတင့်နှင့်ဇနီး ဒေါ်ကြည်ကြည်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၇၉။ | ဦးထိန်လင်းအောင်နှင့်ဇနီး ဒေါ်သူဇာစန်း၊ (သား)မောင်ဟိန်းခေတ်လင်းသူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၀။ | ဦးနေဇင်စိုးတင့်နှင့်ဇနီး ဒေါ်ငြိမ်းငြိမ်းအိ၊ (သား)မောင်နေဘုန်းပြည့်စုံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၁။ | ကွယ်လွန်သူမိခင်ဒေါ်ခင်ရီနှင့် အစ်ကိုဦးထွန်းအောင်ကျော်တို့အားရည်စူး၍ ကိုလှဖိုးအောင်နှင့်ဇနီး မနွေးယမုံဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၂။ | ကွယ်လွန်သူဖခင်ကြီး ဦးဘညွန့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၃။ | ကွယ်လွန်သူဖခင်ဦးသိန်းဆွေနှင့် မိခင်ဒေါ်ခင်သောင်းတို့အားရည်စူး၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၄။ | ကွယ်လွန်သူဖခင် ဦးသူနုနှင့် မိခင်ဒေါ်သောင်းတို့အားရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၅။ | ကွယ်လွန်သူဖခင် ဦးရွှေလေးနှင့် မိခင်ဒေါ်ငြိမ်းရင်၊ အစ်ကိုကြီး ဦးမောင်မောင်တို့အားရည်စူး၍ (ညီမ)ဒေါ်မြင့်မြင့်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၆။ | ကွယ်လွန်သူ ဦးအောင်လင်း၊ (သမီး)မနိုင်ငြိမ်းချမ်းဝေ၊ (မြေးလေး)မောင်ကောင်းဆက်သန့်တို့အားရည်စူး၍ ဒေါ်နိုင်နိုင်နွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၈၇။ | ကိုရဲရင့်မောင်မိသားစုကောင်းမှု | ၈၅၀၀၀ |
| ၁၀၅၈၈။ | ကွယ်လွန်သူဒေါ်ခင်နုအားရည်စူး၍ ဦးလှရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၈၉။ | ကွယ်လွန်သူဦးကံလှအားရည်စူး၍ ဒေါ်အေးမိမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၀။ | ဒေါ်မြအေးသိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၁။ | ဒေါ်ခင်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၂။ | ဒေါ်လှလှဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၃။ | ဒေါ်အေးအေးစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၄။ | ဒေါ်နုနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၅။ | ကိုနေဇော်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၆။ | ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၇။ | ဒေါ်ကျင်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၈။ | ဒေါ်ရင်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၉၉။ | ဒေါ်သင်းငွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၀။ | ဒေါ်မူယာလတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၁။ | ဒေါ်နော်ခင်သီစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၂။ | ဒေါ်ထွေးရင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၃။ | ကိုအောင်စန်းယုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၄။ | ဦးနှင်းဝေနှင့် ဒေါ်ဥမ္မာ၊ (သား)ကိုညီဆန်းနှင့်ဇနီး မမြင့်မြတ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၅။ | ဦးကျော်စိန်ဝင်းနှင့်ဇနီး ဒေါ်ယု၊ (သမီး)မမော်သုဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၆။ | ဦးထွန်းဝေနှင့်ဇနီး ဒေါ်သန်းသန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၇။ | ဒေါ်စန်းစန်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၈။ | ဒေါ်ခင်သန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၀၉။ | ဦးခင်အောင်နှင့်ဇနီး ဒေါ်ရှင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၀။ | ဦးမင်းသော်တာနှင့်ဇနီး ဒေါ်တင်ဌေးနု၊ (သား)မောင်သူရိန်မျိုးသော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၁။ | ကိုဇေယျာဝင်းနှင့်ဇနီး မဖြူဖြူနိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၂။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်နန်းမြစိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၃။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်နိုင်နှင်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၄။ | ဦးအောင်ဇော်ဌေးနှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၅။ | ဦးအောင်သိန်းနှင့်ဇနီး ဒေါ်တင်တင်နုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၆။ | ဦးအောင်အောင်ထွေးနှင့်ဇနီး ဒေါ်ယွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၇။ | ဦးအေးမောင်ကြီးနှင့်ဇနီး ဒေါ်နန်းမြင့်သီတာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၈။ | ကိုစိုးပိုင်နှင့်ဇနီး မလှလှသစ်၊ (သမီး)မနှင်းနန္ဒာပိုင်၊ (သား)မောင်သန့်စင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၁၉။ | ဦးသိန်းငွေနှင့်ဇနီး ဒေါ်ခင်တင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၀။ | ဦးထွန်းလှနှင့်ဇနီး ဒေါ်ဝင်းစိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၁။ | ဦးမျိုးလှိုင်နှင့်ဇနီး ဒေါ်နန်းအေးခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၂။ | ဦးဝင်းဗိုလ်နှင့်ဇနီး ဒေါ်စန်းစန်းဝင်း၊ သား၊ သမီး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၃။ | ဦးကျော်ညိမ်းနှင့်ဇနီး ဒေါ်ခင်မာရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၂၄။ | ဒေါ်မြင့်မြင့်စန်းမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးကြည်မင်းဟန်** ၀၉-၆၇၀၇၅၇၈၄၇

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


### မွေးသက္ကရာဇ်အမှန်

ကယားပြည်နယ်၊ လွိုင်ကော်မြို့ အ.ထ.က (၁) ကျောင်းမှ မရွှေရည်ဝတ်မှုံ G.10, BIO(A)ခန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၂-၂၀၁၀ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ သဇင်(၁)၊အဆောင်(၁)၊ အခန်း(၁၅)နေ (ဘ)ဦးယုံစိမ်း၏သမီး မမေရီကေခိုင်စိမ်း ၉/ကပတ(နိုင်)၀၀၅၉၄၆၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-305482)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉- ၇၈၇၀၈၀၆၄၅

### မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ (ဘ)ဦးဝင်းနိုင် ၁၂/ဗဟန(နိုင်)၀၀၈၆၇၇၏သား မောင်စိုင်းအောင်ဇေယျာဦး ၁၂/မရက(နိုင်)၁၅၃၂၄၀၏ မွေးသက္ကရာဇ်အမှန်မှာ(၂၀-၈-၁၉၉၅) ဖြစ်ပါကြောင်း။


### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## အမည်မှန်

ပုတာအိုမြို့၊ အလက-မြို့မ ကျောင်းGRADE-6 တွင် ပညာသင်ယူနေသော(ဘ)ဦးဇော်မင်းထိုက်၏သမီး မမင်းသွယ်တာဦး၏ အမည်မှန်မှာ မမင်းတွယ်တာဦး ဖြစ်ပါကြောင်း။

**မမင်းတွယ်တာဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၅၀၀၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၃၁၁၃၃ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဇော်လွင် ၁၀/မလမ(နိုင်)၃၁၃၂၈၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီလီမိတက် (MICTDC) ၏ (၂၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား Online စနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားလွှာ

၁။ မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီလီမိတက် (MICTDC) ၏ (၂၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို Online စနစ် အသုံးပြု၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီ၏ အစုရှယ်ယာရှင် များအားလုံး Online မှ တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက် (စနေနေ့) |
| ကျင်းပမည့်အချိန် | - | (၁၀:၀၀) နာရီ |
| ကျင်းပမည့်ပုံစံ | - | Online Zoom Meeting |

၂။ ကုမ္ပဏီ၏အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးဖိတ်စာနှင့်အတူ အစည်းအဝေးတက်ရောက်ရန် အွန်လိုင်းမှ မှတ်ပုံတင်ခြင်း (Online Registration) အတွက် လုပ်ဆောင်ရမည့် နည်းလမ်းပုံစံတို့ကို စာတိုက်မှ တစ်ဆင့် ပေးပို့သွားမည်ဖြစ်ပါသည်။ ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ ပြင်ပစာရင်းစစ်အစီရင်ခံစာ နှင့် အစည်းအဝေးဆိုင်ရာ စာရွက်စာတမ်း တို့ကို MICTDC ၏ Website ဖြစ်သော www.mictdc.com.mm သို့မဟုတ် MICTDC ၏ Facebook Page (MICT Park, Yangon) တို့တွင် အစုရှယ်ယာရှင်များမှ Download လုပ်၍ ရယူနိုင်ပါသည်။ အစုရှယ်ယာရှင်များ၏ Email သို့မဟုတ် Viber သို့လည်း ပေးပို့ရန် တောင်းဆိုနိုင်ပါသည်။

၃။ ကုမ္ပဏီ၏အစုရှယ်ယာရှင်များသည် အစည်းအဝေးတက်ရောက်ရန်အတွက် ၂၃-၁၁-၂၀၂၅ ရက်နေ့မှ ၂၈-၁၁-၂၀၂၅ ရက်နေ့အတွင်း အွန်လိုင်းမှ မှတ်ပုံတင်ခြင်း (Online Registration) ကို MICTDC Website (www.mictdc.com.mm) တွင်ရှိသော mictdc.meet4u.online link မှတဆင့် ပြုလုပ်ရမည် ဖြစ်ပါသည်။ MICTDC အစုရှယ်ယာရှင်များ၏ တယ်လီဖုန်းနံပါတ်သို့လည်း Online Registration ပြုလုပ်ရမည့် Link အား SMS ဖြင့် ပေးပို့မည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် Online Registration ပြုလုပ်ရန် အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် MICTDC Call Center ၏ Viber Phone No: ၀၉-၈၈၀၀၈၇၇၀၁၊ ၀၉-၈၈၀၀၈၇၇၀၂ သို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်း၊ အစုရှယ်ယာ မှတ်ပုံတင်လက်မှတ်မူရင်းတို့ကို ရှေ့၊ နောက် ဓာတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်နှင့် တယ်လီဖုန်းနံပါတ်တစ်ခုဖြင့် အစုရှယ်ယာရှင်ကိုယ်တိုင် စာရင်း ပေးသွင်းရန် အကူအညီတောင်းခံနိုင်ပါသည်။

၄။ အစုရှယ်ယာရှင်များ၏ Online ဖြင့် အစည်းအဝေးတက်ရောက်ရန် Registration ပြုလုပ်ထားသော မိုဘိုင်းလ်ဖုန်းနံပါတ်တစ်ခုသို့သာ အစည်းအဝေးတက်ရောက်ရမည့် Zoom Meeting Link နှင့် Password အား SMS ဖြင့် ပေးပို့မည်ဖြစ်ပါသည်။

၅။ အကြံပြုချက်နှင့် ဖြေကြားပေးစေလိုသည့် မေးခွန်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့၊ ညနေ (၄:၀၀) နာရီ နောက်ဆုံးထား၍ MICTDC ၏ အီးမေးလ်: office@mictdc.com.mm, mictdcoffice@gmail.com (သို့မဟုတ်) ကုမ္ပဏီ ရုံးခန်းလိပ်စာသို့ စာဖြင့်အချိန်မီ ပေးပို့နိုင်ပါသည်။

၆။ အစုရှယ်ယာလက်မှတ်အသစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းခြင်းစသည့် အစုရှယ်ယာနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ၃၁-၁၀-၂၀၂၅ ရက်နေ့မှ ၃၀-၁၁-၂၀၂၅ ရက်နေ့အထိ ခေတ္တရပ်နားထားမည် ဖြစ်ပါသည်။

၇။ MICTDC ၏ အမြတ်ဝေစုများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အထိ နှစ်စဉ် အမြတ်ဝေစုများကို ခွဲဝေပေးလျက်ရှိပါသည်။ အမြတ်ဝေစုထုတ်ယူရန် ကျန်ရှိနေသေးသော အစုရှယ်ယာ ရှင်များအနေဖြင့် MICTDC Call Center ၏ Viber Phone No: ၀၉-၈၈၀၀၈၇၇၀၁ သို့ ရုံးဖွင့်ရက် ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

၈။ Online Registration၊ အစည်းအဝေးဆိုင်ရာ စာရွက်စာတမ်းများရယူခြင်း နှင့် အစည်းအဝေးတက် ရောက်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် MICTDC Call Center ၏ Viber Phone No: ၀၉-၈၈၀၀၈၇၇၀၁၊ ၀၉-၈၈၀၀၈၇၇၀၂ သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးပိုရေးရှင်း အများပိုင် ကုမ္ပဏီလီမိတက်

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ ပူတာအို၊ လှိုင်ကော်၊ ဘားအံ၊ ဟားခါး၊ တီးတိန်၊ မော်လမြိုင်၊ တောင်ကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ သန်လျင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ပဲခူး၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်၊ နေပြည်တော်နှင့် ဂျပန်-မြန်မာအောင်ဆန်းသက် မွေးပညာသင်တန်းကျောင်း (Japan – Myanmar Aung San Vocational Training Institute) စုစုပေါင်း (၃၂)ကျောင်းတို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသား များကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး လက်တွေ့ လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများ ပါဝင်သော မည်သည့် ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်း ရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)

(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၂)၊ ပူတာအို၊ ဘားအံ၊ တီးတိန်၊ တောင်ကြီး၊ သန်လျင်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပဲခူး၊ ထားဝယ်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင် တန်းကျောင်းမပါဝင်ပါ)

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ(အပိုဒ်(၁)ပါကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)

(ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာ အောင်ဆန်း သက်မွေးပညာ သင်တန်းကျောင်း မပါဝင်ပါ)

(င) သုတနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မကွေး၊ အင်းစိန်၊ နေပြည်တော်၊ ကန့်ဘလူ၊ မော်လမြိုင်))

(စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ (အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ ပြင်ဦးလွင်))

(ဆ) စက်မှုလယ်ယာနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်၊ ဝါးခယ်မ၊ ကျိုက်လတ်))

(ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ (အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း))

(ဈ) စက်မှုလုပ်ငန်းဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာ(ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်း ကျောင်း)

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက B.Tech နှင့် BE သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁-၁၁-၂၀၂၅ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၁-၂၀၂၅ ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ် စာရင်း (မူရင်း)။

(ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား(မိတ္တူ)။

(င) ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရာဒေသ သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။

(စ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်းအတွက် ကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Agrodan Chemical Co., Ltdမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ဆေးပစ္စည်းကို ပြည်တွင်း မူလဖြန့်ဖြူးသည့် Amazing seasons Co., Ltd မှ Seinn Lae Thwin Co., Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူး ရောင်းချမည် ဖြစ်ပါသည်။

| စဉ် | မူလဖြန့်ဖြူးသူ အမည် | ကုန်သွယ်မှု အမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင် အမှတ် | ပြောင်းလဲလိုသည့် ဖြန့်ဖြူးသူအမည် |
|---|---|---|---|---|---|---|
| ၁။ | Amazing seasons Co., Ltd | Ultimate Killer | Emamectin Benzoate 4% + Thiamethoxam 11% WDG | Provisional | P2025-6594 | Seinn Lae Thwin Co., Ltd |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ Seinn Lae Thwin Co., Ltd (လိပ်စာ-အမှတ် (၅၂၅)၊ ပထမထပ်၊ ၃၈လမ်းနှင့် ကုန်သည်လမ်းထောင့်၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

(ဖုန်း - ၀၉-၄၀၃၇၂၃၈၅၄)

## အများသိရှိနိုင်ပါရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊သန်လျင်မြို့နယ်၊လက်ယက်စမ်းကျေးရွာအုပ်စု၊ သန်လျင်-ကျောက်တန်းမိန်းလမ်းမကြီးဘေး၊မြေကွက်အမှတ်(N/၂)ဟုခေါ်တွင်သော ခြံမြေသည် ကွင်းအမှတ်-၆၆၅-D၊ကွင်းအမည်-ကညင်ပင်ချောင်း တောင်ကွင်း၊ ဦးပိုင်အမှတ်-(N/၂)တွင်တည်ရှိပြီး သန်လျင်မြို့နယ် မြေစာရင်းဌာန၏ မြေယာမှတ်တမ်းတွင် အဆိုပါ(၀.၇၃)ဧကအား အခွန်စည်းကြပ်ရာတွင် ဒေါ်ကြူကြူသွင်(ဘ)ဦးမောင်မောင်သွင် (၁၂/မဂတ(နိုင်)၀၄၅၄၇၈)အမည်ဖြင့် မှတ်သားထားရှိပါသည်။

ရောင်းချသူ ဒေါ်ကြူကြူသွင်မှ အဆိုပါမြေကွက်နှင့် ၎င်း၏အကျိုး ခံစားခွင့်အရပ်ရပ်အား အခွန်ထမ်းသူ အမည်ပေါက်အဖြစ် လက်ဝယ် ပိုင်ဆိုင်ကာ အဆိုပါခြံမြေနှင့် ပတ်သက်၍ တရား ဝင် လက်ရှိထား စီမံမှုပြုနေပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ကတိပြု ဝန်ခံပြောဆိုသဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ဦးရာဇာအောင်(ဘ)ဦးမောင်မောင် (၁၂/ပဘတ(နိုင်)၀၀၅၄၉၉)မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ထိုသတ်မှတ်ရက်ထပ် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်အထိဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးရာဇာအောင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲဆုဇာခြည်သိမ့်**
**LL.B.D.B.L.D.I.L, (W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၀၄၆)**
**အမှတ်(၃၇)၊T.T.U ရှေ့၊ သန်လျင်မြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၅ ၉၇၉ ၁၂၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၁၅)၊ မြေအကျယ်အဝန်း(အလျား ၄၀ပေ X အနံ ၆၀ပေ)၊ မြေဧရိယာ( ၀.၀၅၅ )ဧက၊ ( ၂၄၀၀ )စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသန်းအောင်နိုင်(ခ)ဦးသန်းအောင်(၁၃/တကန(နိုင်) ၀၆၆၁၆၄ (NYHE-၀၂၀၈၄၉ )က မိမိသာလျှင်တရားဝင် အမည်ပေါက်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နှင်းသူကျော်(၉/တကန(နိုင်)၁၃၁၈၄၆)က အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(မြောင်းမြ)(LL.B)(D.B.L)(D.M.L)(D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၄၀၁၁၀၄၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိနန္ဒာ(၂၈)လမ်း၊ မြေကွက်အမှတ်(၂၄၇) မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၆)ထပ်တိုက်၏ တိုက်အမှတ်(၂၄၇)၊ တတိယထပ်၊ လေးလွှာ(B-4) (ခြေရင်းခန်း)၊ (တိုက်မျက်နှာမူလျှင်-ညာဘက်ခြမ်း)၊ အကျယ်အဝန်း(အလျား ၁၇ပေX အနံ ၅၄ပေ)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ဥမ္မာစိုး (၁၂/ဥကတ(နိုင်)၁၆၉၅၁၂) ကဝယ်ယူ ပိုင်ဆိုင်အကျိုးခံစားရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးကျော်မျိုးဇော်(၁၂/ကမရ(နိုင်)၀၀၀၉၆၂)နှင့် ဒေါ်ကြည်ကြည်မော် (၁၂/ဗဟန(နိုင်)၀၆၆၃၁၃)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါပြီး(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးကျော်မျိုးဇော်(၁၂/ကမရ(နိုင်)၀၀၀၉၆၂)**
**ဒေါ်ကြည်ကြည်မော်(၁၂/ဗဟန(နိုင်)၀၆၆၃၁၃)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသူဇာအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃)**
**အမှတ်၂၇၇၊ အနော်ရထာလမ်းနှင့်ဗိုလ်မိုးကြိုးလမ်းထောင့်၊ ၉ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၄၅၉၆၈၃၀**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၁၂၃၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးရဲနိုင်ဦး ၁၀/သထန(နိုင်)၂၉၃၁၇၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၅၁၂၀၉ ယာဉ်လက်ဝယ်ရှိသူ ဦးရဲနိုင်ဦး ၁၀/သထန (နိုင်)၂၉၃၁၇၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ စစ်ကိုင်းလမ်း၊ အမှတ် (HB/52)နေ ဒေါ်ဖြူသဥ္ဇာကျော် (၈/ခမန (နိုင်)၁၄၈၂၆၂) သည် ဦးအောင်လွင်ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ မြို့နယ်၊ (ရွှေနံ့သာစံပြ) ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ် (၇၃၅)၊ မြေအကျယ်အဝန်း (၈၀ပေ X ၆၅ ပေ)၊ ဧရိယာ (၅၂၀၀ စတုရန်းပေ)ရှိနှစ် (၆၀)ဂရန်မြေအား (၉-၃-၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်စာချုပ် ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးအောင်လွင်သည်(၉-၃-၂၀၂၃)ရက်စွဲပါ စာချုပ်၏ အပိုဒ်(၅)တွင်ပါရှိသည့် ကတိပဋိညာဉ်အတိုင်း ဝယ်သူဖြစ်သော ဒေါ်ဖြူသဥ္ဇာကျော် အား တရားဝင်မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးရန် ကျန်ရှိနေ ပါသည်။ ဂရန်အမည်ပေါက်ပိုင်ရှင် ဦးအောင်လွင် အား ဒေါ်ဖြူသဥ္ဇာကျော် မှ ဖုန်းဖြင့်ဆက်သွယ်၍သော် လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း လိုက်လံရှာဖွေ စုံစမ်းသော်လည်း ယခုအချိန်ထိ အဆက်အသွယ်မရရှိခဲ့ပါ။ ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ် အကြောင်းကြားရန်နှင့် စာချုပ်ပါကတိပဋိညာဉ်အတိုင်း ဦးအောင်လွင်မှ ဒေါ်ဖြူသဥ္ဇာကျော် အား တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် လာရောက်ချုပ်ဆိုပေးရန် အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးငြိမ်းအောင် (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၀၃)**
**အမှတ် (၁၉၁၅)၊ ရတနာမဥ္ဇူလမ်း၊ (၁၄၀) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၄၂၄၆၂၁၁၊ ၀၉-၇၉၃၂၈၀၆၈၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၅ယ/၆၉၆၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးနန္ဒာမိုး ၁၀/ကမရ(နိုင်)၁၆၇၃၉၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

ရှမ်းပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီမှ လုပ်ငန်းလိုင်စင်ရယူထားသော အောက်ဖော်ပြပါ ဧည့်လမ်းညွှန်များနှင့် ဒေသဆိုင်ရာဧည့်လမ်းညွှန်များသည် လိုင်စင်သက်တမ်းကုန်ပြီးဖြစ်ပါ၍ ကြေညာသည့်ရက်မှ နှစ်ပတ်အတွင်း သက်တမ်းလာရောက်တိုးမြှင့်ပါရန်နှင့် သက်တမ်းတိုးလာရောက်ဆောင်ရွက်ခြင်းမရှိပါက လိုင်စင်ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

| စဉ် | အမည် | လိုင်စင်အမှတ် | စဉ် | အမည် | လိုင်စင်အမှတ် |
|---|---|---|---|---|---|
| ၁ | ဒေါ်စိုးစိုးလွင် | G-5010 | ၂၄ | ဦးအောင်ခန့်ဇော် | RG(SHN)-0239 |
| ၂ | ဦးခွန်ဖြိုးသူအောင် | G-5015 | ၂၅ | ဦးကိုကိုထက်သျှား | RG(SHN)-0244 |
| ၃ | ဦးကိုကိုဇော် | G-6575 | ၂၆ | ဒေါ်ခင်သီတာထွန်း | RG(SHN)-0247 |
| ၄ | ဒေါ်မို့မို့ | G-7395 | ၂၇ | ဒေါ်နန်းသွယ်ခမ်း(ခ)နန်းငယ် | RG(SHN)-0255 |
| ၅ | ဒေါ်မို့မို့စံ | G-7630 | ၂၈ | ဒေါ်နန်းထွန်းနန္ဒာအောင် | RG(SHN)-0259 |
| ၆ | ဒေါ်လင်းလင်းအေး | G-7656 | ၂၉ | ဒေါ်သီတာဝင်း | RG(SHN)-0261 |
| ၇ | ဒေါ်နန်းဗိုမွှံ | G-7667 | ၃၀ | ဦးကျော်စိုးဝေ | RG(SHN)-0265 |
| ၈ | ဒေါ်နန်းရွှေချစ် | G-7669 | ၃၁ | ဦးရာဇာ | RG(SHN)-0266 |
| ၉ | ဒေါ်ချယ်ရီကျော် | G-7702 | ၃၂ | ဦးစိုင်းဝဏ္ဏ | RG(SHN)-0267 |
| ၁၀ | ဒေါ်နန်းကြံဖရိုလ် | G-7707 | ၃၃ | ဦးအောင်နိုင်စိုး | RG(SHN)-0272 |
| ၁၁ | ဒေါ်ဝါဝါလွင် | G-8039 | ၃၄ | ဒေါ်နည်နည်ပြည့်သျှား | RG(SHN)-0273 |
| ၁၂ | ဦးစိုင်းတိုးတိုး | G-8130 | ၃၅ | ဦးမောင်မောင်ကျော် | RG(SHN)-0284 |
| ၁၃ | ဒေါ်နန်းကြည်လေး | G-9529 | ၃၆ | ကျော်စွာမင်းသက်ထူးအောင် | RG(SHN)-0286 |
| ၁၄ | ဦးကျော်ကျော်ဦး | G-9530 | ၃၇ | ဒေါ်ယင်းယင်းတင် | RG(SHN)-0287 |
| ၁၅ | နန်းဟေမာန်ကျော် | G-9587 | ၃၈ | ဒေါ်ခင်သန်းဝင်း | RG(SHN)-0288 |
| ၁၆ | ဒေါ်ယုယုမေသန်း | RG(SHN)-0211 | ၃၉ | ဦးဉာဏ်လင်းထွန်း | RG(SHN)-0289 |
| ၁၇ | ဒေါ်တင်တင်နု | RG(SHN)-0212 | ၄၀ | ဦးကျော်စိုးလင်း | RG(SHN)-0291 |
| ၁၈ | ဦးဟန်ထွန်း | RG(SHN) 0218 | ၄၁ | ဒေါ်သဲစုစုအောင် | RG(SHN)-0292 |
| ၁၉ | ဦးညီညီဆွေ | RG(SHN)-0221 | ၄၂ | ဒေါ်ဆောင်းသဥ္ဇာဦး | RG(SHN)-0301 |
| ၂၀ | ဦးကျော်မျိုးဟိန်း | RG(SHN)-0226 | ၄၃ | ဒေါ်သွယ်သွယ်မြင့် | RG(SHN)-0303 |
| ၂၁ | စိုင်းမင်းကျော်ကျော် | RG(SHN)-0228 | ၄၄ | ဦးထွန်းနိုင်ဝင်း | RG(SHN)-0305 |
| ၂၂ | ဦးသန့်ဇင်စိုး | RG(SHN)-0229 | | | |
| ၂၃ | ဒေါ်မြမိုးကြူ | RG(SHN)-0233 | | | |

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
တောင်ကြီးရုံး၊ ရှမ်းပြည်နယ်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ အောင်သစ္စာလမ်းနှင့်အောင်သစ္စာ(၂)လမ်းထောင့်၊မြေကွက်အမှတ်(၇၇၉/က)၊အကျယ်အဝန်း(၃၄ပေ× ၆၀ပေ)ရှိမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက်အနက်မှ အခန်းအမှတ်-မြေညီထပ်(ခေါင်းရင်းခန်း)အကျယ်အဝန်း(၁၆ပေ × ၅၅ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုမြေရှင်နှင့်ကန်ထရိုက်တာတို့၏နှစ်ဦးသဘောတူကတိစာချုပ်အရ ပိုင်ဆိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဦးရှုရှပ်(ခ)ဦးစိုးမြင့်(၁၂/ဒပန(ပြု)၀၀၀၀၄၆) ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့တရားဝင်နိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
*Ph- 09421746974*

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၂၀၁၈၉, Honda Wave-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်အောင်လှိုင် ၁၂/မဂဒ(နိုင်)၁၈၁၇၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၂၆၆၈,Honda Wave-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်းထက် ၆/ထဝန(နိုင်) ၁၆၈၄၆၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၄ဟ/၆၈၁၈, DAYANa DY-200 ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းပိုင်စိုး ၆/ထဝန(နိုင်) ၁၁၉၉၃၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၅၀၃၈၉, Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမြတ်သူ ၆/သရခ(နိုင်)၀၉၈၀၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၅၁၀၆၆, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီလွင် ၆/ထဝန(နိုင်) ၀၀၃၂၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၄၄၀၇၂, Honda Click -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဝင်းသိန်း ၆/ဘပန(နိုင်)၀၂၂၆၄၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေ အစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ
## လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၁၁(က)အရ
## GLASS VENTURE MYANMAR COMPANY LIMITED
## (ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

"GLASS VENTURE MYANMAR COMPANY LIMITED"(ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာစာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီတွင် ပါဝင်သူများအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်နှင့်အချိန် ။ ။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ၊ ( ၃၀ )ရက် နံနက် (၁၀)နာရီ
ကျင်းပမည့်ပုံစံ ။ ။ Online Meeting

ဒေါ်သန့်မြတ်ဝင်း
FOCUS CONSULTING GROUP LIMITED
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
GLASS VENTURE MYANMAR COMPANY LIMITED

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၁၆၂၀၈, Honda Wave NF-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၆/လလန(နိုင်)၀၇၅၁၉၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၃၈

**ကွယ်လွန်သူ ဒေါ်သန်းဌေး ၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဦးတင်ဝင်း လျှောက်ထားသူ

ရိုးခွကျေးရွာ၊ ရိုးခွကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်သန်းဌေး ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့်လျှောက်ထားသူကအမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်(၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ရက်)တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်သန်းဌေး၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက် (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်)နံနက်(၁၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင်ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(ဝင်းခင်မိုးဆင့်)
ခရိုင်တရားသူကြီး
မှော်ဘီခရိုင်တရားရုံး

## အနူးအညွှတ်တောင်းပန် ပန်ကြားလွှာ

နည်းပညာတက္ကသိုလ် မိတ္ထီလာ တတိယ နှစ်တွင် ပညာသင်ကြားနေသော ကျွန်တော်မောင်ဇေယျာကိုကို(III Mech 6)သည် စက်မှုအင်ဂျင်နီယာဌာနမှ ဌာနမှူးအပါအဝင် မိသားစုဆရာမနှင့် ဆရာဆရာမတို့အား TU And Cu Students Community (Social Media)တွင် ဌာနပုံရိပ် ကျောင်းပုံရိပ်နှင့် ဌာနမှူးနှင့် ဆရာ/မများ ဂုဏ်သိက္ခာထိခိုက်စေသည့် ပြောဆိုရေးသားမှုများ ပြုလုပ်မိခဲ့သဖြင့် အနူးအညွှတ် ဝန်ချတောင်းပန်အပ်ပါသည်။

မောင်ဇေယျာကိုကို

## အများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ (၈-၂/၈၉)၊ နဂရတ်လမ်းနေ ဦးဇော်လွင် (ဘ) ဦးကြည် (၅/မလန(နိုင်) ၀၀၅၃၆၇)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်(စ-၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၆၈)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိမြေအား ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂရန်အမှုတွဲအမှတ်(၃၅၂/၂၀၁၇-၂၀၁၈)၊ ဂရန်စာချုပ်နံပါတ် (၀၃၂/၂၀၁၈-၂၀၁၉) အရ ဦးစန်းလွင်(ခ)ထင်ရှောက်ဝမ် အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားသည့်မြေဖြစ်ကြောင်း၊ ယခုရောင်းချသူသည် ၎င်းအမည်ဖြင့် ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်ကြောင်း ပြောဆိုဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်လွင်မှအဆိုပါ မြေကွက်အား အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးစရန်ငွေကျပ် တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီပြီးဆုံး သည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူ** **လွှဲအပ်ချက်အရ-**
**ဦးဇော်လွင်** **ဒေါ်နော်ဆာဝါးထူး(LL.B)(D.I.L)**
**စဉ်(၁၃၈၁၅)၊တရားလွှတ်တော်ရှေ့နေ**
**ယုဇနလမ်းနှင့်ပြည်သာယာလမ်းထောင့်**
**ရပ်ကွက်ကြီး(၈)၊ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၄၀၂၅၁၀၈၁၈**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကမာကလုတ်စံပြ ကျေးရွာနေ မပိုးအိနဒီ၏ ဖခင်အမည်မှန်မှာ ဦးဇင်ညီလွင် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်ခရိုင်၊ငပုတောမြို့နယ်၊ဟိုင်းကြီးကျွန်းမြို့ အထက-ကံချိုင်၌ တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြဆရာမ ဒေါ်မြင့်မြင့်ရွှေ၏ဖခင် ဦးမြအုန်းနှင့်ဦးမြအုံး ၁၄/ငပတ(နိုင်) ၁၀၈၂၃၀သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးမြအုန်းနှင့် ဦးမြအုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်(၈/စည်းခံရပ်)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀.၀၆၇)ဧကအား ဦးအောင်ကျော်ထွန်းအမည်ဖြင့် အမည်ပြောင်း၊ သက်တမ်းတိုးဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာခြင်း

ဦးဗိုဗိုသန့် ( ၁၂ /အလန(နိုင်)၀၄၆၁၆၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့အား လွှဲအပ်ညွှန်ကြားသူ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးစေရန်ရည်ရွယ်၍ ဂုဏ်သိက္ခာကို ထိခိုက်စေသော၊ အခြေအမြစ်မရှိသော၊ အသရေဖျက်သော၊ နှောင့်ယှက်သော၊ မှန်ကန်ခြင်းမရှိသော အကြောင်းအရာများအား အခြားသူများထံသို့ ဖြန့်ဝေခြင်းများ၊ လူမှုကွန်ရက်စာမျက်နှာ (online)ပေါ်တွင် ရေးသား၍ ပို့စ် (post) တင်ခြင်းများ စသည့် ကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်နေသူများရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကိစ္စရပ်များအား ပြုလုပ် ပြောဆိုနေသူများအနေဖြင့်လည်းကောင်း၊ ပူးပေါင်းပါဝင်နေသူများအနေဖြင့်လည်းကောင်း၊ Like၊ Share နှင့် Comment များရေးသားနေသူများအနေဖြင့်လည်းကောင်း ယနေ့မှစ၍ ချက်ချင်းရပ်တန့်သွားရန်နှင့် နောက်နောင်တွင် မည်သည့်နည်းလမ်းနှင့်မျှ ကျွန်ုပ်တို့အားလွှဲအပ်ညွှန်ကြားသူ၏ အသရေကိုဖျက်ခြင်း၊ နှောင့်ယှက်ခြင်းများ၊ မှန်ကန်ခြင်းမရှိသော အကြောင်းအရာများကို ရေးသားခြင်းများ၊ ဖြန့်ဝေခြင်းများကို လုံး၀ (လုံး၀)ထပ်မံမပြုလုပ်ပါရန် အသိပေးအပ်ပါသည်။

အကယ်၍ ယခုအသိပေးကြေညာချက်အတိုင်း လိုက်နာဆောင်ရွက်သွားရန် ပျက်ကွက်ခဲ့ပါက အထက်ဖော်ပြပါလုပ်ရပ်များအား ပြုလုပ်ခဲ့သူများ၊ ပြုလုပ်နေသူများအပေါ် သက်ဆိုင်ရာဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစန်းမင်းဦး** **ဦးအောင်သူကျော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၅၄၀)** **အထက်တန်းရှေ့နေ(စဉ်-၅၂၈၅၆)**
**အမှတ် ၈၂၉(က)၊ အနန္တသူရိယလမ်း၊ (၁၈)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

